
ပညာရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့
ပူးပေါင်းစီစဉ်သည်

# ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး
# ပညာပေးအစီအစဉ်

## အခြေခံပညာမူလတန်း




## ဆရာကိုင်

၂၀၁၈

ပညာရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့
ပူးပေါင်းစီစဉ်သည်

# ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ်

## အခြေခံပညာမူလတန်း

ဆရာကိုင်

၂၀၁၈

# မာတိကာ


| အခန်း | သင်ခန်းစာ | စာမျက်နှာ |
|---|---|---|
| | **အမှာ** | |
| ၁ | **သီချင်းနှင့်ရုပ်ပြဇာတ်လမ်းတို ပညာပေးအစီအစဉ်** | |
| ၁ | မှန်တာကိုပြောပါ (သီချင်း) | ၁ |
| ၂ | ကိုယ့်ရွေးချယ်မှု (ရုပ်ပြ) | ၂ |
| ၃ | ဘာလုပ်ရရင် ကောင်းမလဲ (ရုပ်ပြ) | ၁၁ |
| ၄ | လူငယ်များနှင့်ရိုးသားဖြောင့်မတ်ရေး (ရုပ်ပြ) | ၁၇ |
| ၂ | **ကဗျာလေးတွေ ရွတ်ကြမယ် ပညာပေးအစီအစဉ်** | |
| ၁ | မောင်တို့မယ်တို့ သာယာရေး | ၂၇ |
| ၂ | ဤလေးဖြာ | ၂၈ |
| ၃ | ကျင့်ကြမူရာ လမ်းပေါ်မှာ | ၂၉ |
| ၄ | ရှောင်စေ ဝေးစေ | ၃၀ |
| ၅ | ကိုယ့်အားကိုယ်ကိုး | ၃၁ |
| ၃ | **ပုံပြင်လေးတွေ ပြောပြမယ် ပညာပေးအစီအစဉ်** | |
| ၁ | သစ်သီးကလေးတစ်လုံး ပန်းကလေးတစ်ပွင့် | ၃၃ |
| ၂ | အတူကစားချင်လို့ | ၃၅ |
| ၃ | အေးအတူပူအမျှ | ၃၇ |
| ၄ | တာဝန်ယူတတ်သူ | ၃၉ |

# မာတိကာ


| အခန်း | သင်ခန်းစာ | စာမျက်နှာ |
|---|---|---|
| ၅ | ရှဉ့်ကလေး ပြောင်းလဲသွားပြီ | ၄၁ |
| ၆ | အမှန်တရားကို ပြောပါမယ် | ၄၇ |
| ၇ | လာဘ်စားတဲ့ကြောင် | ၅၀ |
| ၈ | မက်မွန်သီးချိုချို | ၅၃ |
| ၉ | မောင်သံချောင်းကံကောင်းသလား၊ မကောင်းဘူးလား | ၅၇ |
| ၄ | ဆရာလမ်းညွှန် | ၆၂ |
| ၅ | လေ့လာ၊ မှီငြမ်းပြုစာရင်း | ၈၆ |

# အမှာ

၁။ အဂတိလိုက်စားမှုကို တိုက်ဖျက်ရာ၌ အသိပညာပေးခြင်းသည် အကောင်းဆုံး အကျယ်ပြန့်ဆုံးနှင့် အထိရောက်ဆုံး ရေရှည်လုပ်ဆောင်ချက်ဖြစ်သည်နှင့်အညီ အခြေခံပညာမူလတန်းအဆင့် ကျောင်းသားကျောင်းသူများမှစတင်၍ ဖြောင့်မတ်တည်ကြည်မှုကို မြှင့်တင်ပေးနိုင်ရန်ရည်ရွယ်ပြီး ဤပညာပေးအစီအစဉ်ကို ရေးဆွဲဖော်ထုတ်လိုက်ပါသည်။ ရိုးသားဖြောင့်မတ်မှုဆိုင်ရာ လူမှုတန်ဖိုးကို ကလေးဘဝကတည်းက ကိုယ်တွင်းစိတ်ထဲနှလုံးသားထဲ စွဲမြဲထင်ထင်စီးဝင်စေခြင်းဖြင့် ရိုးသားဖြောင့်မတ်သည့်မျိုးဆက်သစ်ကို ထူထောင်ရာတွင် အထောက်အကူပြုရန် ရည်ရွယ်ပါသည်။

၂။ "လူ့ဘဝ၏ ပထမဦးဆုံးသောချိတ်ကို ကောင်းစွာချိတ်ဆက်"ဟု ဆိုစကားရှိသည်နှင့်အညီ ယနေ့လူငယ် နောင်ဝယ်လူကြီးဖြစ်လာမည့် လူငယ်များ၏ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေးအတွက် ကိုယ်ကျင့်တရားတန်ဖိုးများကို ပျိုးထောင်ပေးခြင်းဖြင့် သန့်ရှင်းသည့်အနာဂတ်၊ ပွင့်လင်းသည့်လူ့ဘောင်ဖြစ်ပေါ်လာစေရန် အားပေးအားမြှောက်ပြုခြင်းသည် အဂတိလိုက်စားမှုသံသရာကို ချိုးဖျက်ပစ်ခြင်းပင်ဖြစ်ပါသည်။ လူငယ်လေးများအား တာဝန်ယူမှု၊ တာဝန်ခံမှုကို သူ့အရွယ်နှင့်သူ သင်ကြားလေ့ကျင့်ပေးခြင်းသည် နိုင်ငံတစ်နိုင်ငံ၏ ရေရှည်အဂတိလိုက်စားမှုကင်းစင်စေရေး အခြေခံအုတ်မြစ်လည်းဖြစ်ပါသည်။

၃။ ဤပညာပေးအစီအစဉ်တွင် သီချင်းနှင့်ရုပ်ပြဇာတ်လမ်းတိုပညာပေးအစီအစဉ်၊ ကဗျာလေးတွေရွတ်ကြမယ်ပညာပေးအစီအစဉ်၊ ပုံပြင်လေးတွေပြောပြမယ်ပညာပေးအစီအစဉ်တို့ပါဝင်ပြီး ဆရာဆရာမများ၏ ဦးဆောင်တီထွင်လမ်းပြပေးမှုတွင် ကျောင်းသားကျောင်းသူများ အလိုက်သင့်လိုက်ပါလှုပ်ရှားစေခြင်းဖြင့် ရိုးသားဖြောင့်မတ်မှု၊ အမှန်တရားနှင့် တရားမျှတမှုတို့ကို ဆုပ်ကိုင်ရဲသည့်သတ္တိ တိုးပွားလာစေပြီး ဖြောင့်မတ်တည်ကြည်မှုနှင့်ဆက်စပ်သည့် အကြောင်းအရာများကို ကျောင်းသားကျောင်းသူ လူငယ်လေးများ နားလည်သဘောကျ၊ လေးစားလိုက်နာပြုမူကျင့်ကြံလာနိုင်ကြမည် ဖြစ်ပါသည်။



အောင်ကြည်
ဥက္ကဋ္ဌ
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

၂၀၁၈ ခုနှစ် ဩဂုတ်လ ၁၀ ရက်

အခန်း ( ၁ )

# သီချင်းနှင့် ရုပ်ပြဇာတ်လမ်းတို ပညာပေးအစီအစဉ်

၁ မှန်တာကိုပြောပါ

၂ ကိုယ့်ရွေးချယ်မှု

၃ ဘာလုပ်ရရင် ကောင်းမလဲ

၄ လူငယ်များနှင့် ရိုးသားဖြောင့်မတ်ရေး



## အခန်း ( ၁ )

# မှန်တာကိုပြောပါ (သီချင်း)



မှန်တဲ့စကားပဲ ပြောကြပါ၊

ပြောဖို့ခက်လဲ ပြောနိုင်အောင်ပြောပါ။


ရိုးသားမှုက အမြဲမှန်တာ၊

မနက်နဲ့နေ့ခင်း ညထိပါ။

မှန်တဲ့စကားပဲ အမြဲပြောပါ၊

မိတ်ဆွေနဲ့ယုံကြည်မှုကို ဒီလိုတည်ဆောက်ပါ။





**Tell the TRUTH**

We should always say what's true.

Even when it's hard to do.

Honesty is always right.

Morning, afternoon, and night.

Tell the truth in all you say.

Trust and friends are built this way.

# ကိုယ့်ရွေးချယ်မှု


MY CHOICE
ကိုယ့်ရွေးချယ်မှု


ကျောင်း
သားသားတို့ မီးမီးတို့ နေ့တိုင်းဘယ်အပြုအမူကို
ရွေးချယ်မလဲ…
ကူညီမှာလား၊နာကျင်စေမှာလား၊
ပျော်ရွှင်စေမှာလား၊
ဝမ်းနည်းပြီးမျက်ရည်ကျစေမှာလား၊
ခွင့်လွှတ်မှာလား၊ ဂရုမစိုက်ဘဲထားမှာလား

## အခန်း ( ၁ )





အောင်အောင်နဲ့ ဖြူဖြူတို့
မျက်နှာချင်းဆိုင်တွေ့ချိန်မှာ..




ဖြူဖြူက ခလုတ်တိုက်ပြီး
ချော်လဲသွားပါတယ်။




ဖြူဖြူ ချော်လဲတာကိုကြည့်ပြီး အောင်အောင်က
တအားအော်ပြီး ရယ်မောလိုက်တယ်။

# အခန်း ( ၁ )




ကျော်ကျော်က ဖြူဖြူကို ကြင်နာစွာ မေးလိုက်ပါတယ်။







ကျော်ကျော်ဟာ မေးလဲပြီးရော
ချော်လဲသွားပါတယ်။

# အခန်း ( ၁ )




ဖြူဖြူဟာ သူချော်လဲတုန်းက အောင်အောင်က ရယ်မောသလိုပဲ ကျော်ကျော် ချော်လဲချိန်မှာ ရယ်မောလိုက်ပါတယ်။




ချော်လဲသွားလို့ နာသွားတဲ့ကျော်ကျော့်ကို ထွန်းထွန်းက ကြင်နာစွာ မေးလိုက်ပါတယ်။




ဒီတစ်ခါ ထွန်းထွန်း ချော်လဲသွားပါတယ်။

## အခန်း ( ၁ )




ထွန်းထွန်းကို ကျော်ကျော်က ပြန်ပြီး ကြင်ကြင်နာနာ တွဲထူလိုက်ပါတယ်။







ဖြူဖြူဟာ နောက်တစ်ကြိမ် ခလုတ်တိုက် ချော်လဲပြန်ပါတယ်။

## အခန်း ( ၁ )




ထွန်းထွန်းဟာ သူ့ကို ကျော်ကျော်က ကြင်နာစွာတွဲထူသလိုပဲ ဖြူဖြူ့ကိုလဲ ကြင်ကြင်နာနာ ပြုမူလိုက်ပါတယ်။




ဖြူဖြူနဲ့ အောင်အောင်တို့ ဆုံကြပြန်ပါပြီ။




ဒီတစ်ခါတော့ အောင်အောင် ချော်လဲတဲ့ အလှည့်ပါ။

## အခန်း ( ၁ )







ဖြူဖြူဟာ မရယ်မောတော့ဘဲ အောင်အောင့် ကို ကူညီလိုက်ပါတယ်။




အောင်အောင်နဲ့ ကျော်ကျော်တို့ တွေ့ကြ တဲ့အခါ......။




ကျော်ကျော် ချော်လဲပြန်ပါပြီ။

# အခန်း ( ၁ )




အောင်အောင်ဟာ ပြောင်းလဲမသွားဘဲ အရင်အတိုင်းပဲ အော်ရယ်နေပါတော့တယ်။






အောင်အောင် ပြောင်းလဲသွားပါပြီ။




Treat others the way you want to be treated.

# ဘာလုပ်ရရင်ကောင်းမလဲ




ဖြောင့်မတ်တည်ကြည်ခြင်းဆိုတာ

ဘယ်သူမှ ကြည့်မနေလဲ


ဘယ်သူမှ မသိနေလဲ

မှန်တာကို လုပ်နိုင်တာကို ဆိုပါတယ်။





တစ်ယောက်ယောက် သူများပစ္စည်းကို
ပိုင်ရှင်မသိဘဲ ယူနေတာတွေ့ရင်
ဘာလုပ်ရရင်ကောင်းမလဲ
ကိုယ်လဲ ယူလိုက်ပါ
ဒါမှမဟုတ်.....
ကူညီနိုင်မဲ့သူ တစ်ယောက်ယောက်ကို
ပြောပြလိုက်ပါ


---


သူ့မေးခွန်းကို သမီး ဘယ်လိုဖြေရရင်
ကောင်းမလဲ
လိမ်ပြောလိုက်ပါ
ဒါမှမဟုတ်......
အမှန်ကို ပြောလိုက်ပါ

# အခန်း ( ၁ )


မှားနေတယ်ဆိုတာ သိနေရင်
ဘာလုပ်ရရင်ကောင်းမလဲ
မှား မှား ဘာပဲဖြစ်ဖြစ် လုပ်လိုက်ပါ
ဒါမှမဟုတ်........
မှားနေတာကို မလုပ်နဲ့ပေါ့

---


ဒီလို ပြောလိုက်ရင် သူစိတ်ထိခိုက်သွားမှာပေါ့
ဘာလုပ်ရရင်ကောင်းမလဲ
ဘာပဲဖြစ်ဖြစ် ပြောပစ်လိုက်ပါ
ဒါမှမဟုတ်.....
အဲဒီလို မပြောနဲ့ပေါ့

## အခန်း ( ၁ )

တစ်ယောက်ယောက်က
သူများအဖြေကိုကူးချတယ်ဆိုတာ ကိုယ်သိရင်
ဘာလုပ်ရရင်ကောင်းမလဲ







သူ့လိုပဲ ကူးချပြီး လိမ်လိုက်ပေါ့
ဒါမှမဟုတ်.....

ကိုယ့်ကျောင်းသင်ခန်းစာကို
ကိုယ်တိုင်လုပ်ရမှာပေါ့

---

တစ်ယောက်ယောက်က
မကောင်းတာကိုလုပ်ဖို့ ပြောလာရင်......
ဘာလုပ်ရရင်ကောင်းမလဲ









ဟုတ်ပါပြီ....လုပ်လိုက်မယ်လို့ပြောလိုက်
ဒါမှမဟုတ်....

ဟင့်အင်း.....လုံးဝမလုပ်နိုင်ဘူးလို့
သူ့ကို ပြောပစ်လိုက်

# အခန်း ( ၁ )




တစ်ခုခုကို လုပ်မယ်လို့ သားသားပြောထားပြီးရင် ဘာလုပ်ရရင်ကောင်းမလဲ
ပြောထားတာကို မေ့ပစ်လိုက် ဒါမှမဟုတ်.......
စကားတည်ရမှာပေါ့ ကိုယ်ပြောတဲ့အတိုင်းလုပ်ပါ

တစ်ယောက်ယောက် ဟာသလုပ်ခံရတာကို တွေ့ရင် ဘာလုပ်ရရင်ကောင်းမလဲ
သူ့ကို ဝိုင်းလှောင်လိုက်ပါ ဒါမှမဟုတ်.....
သူ့ဘက်က ရပ်တည်ပေးလိုက်ပါ


တစ်ယောက်ယောက်က ငွေတစ်သောင်းတန်ကြီး
ထွက်ကျသွားတာတွေ့ရင်
ဘာလုပ်ရရင်ကောင်းမလဲ
ကောက်ပြီးတော့ ကိုယ်သုံးဖို့ ယူထားလိုက်
ဒါမှမဟုတ်.....
ကောက်ပြီး ပြန်ပေးလိုက်ပါ


အလွယ်မလိုက်နဲ့
မှန်တာကို လုပ်ပါ

အခန်း ( ၁ )

## လူငယ်များနှင့် ရိုးသားဖြောင့်မတ်ရေး







## အခန်း ( ၁ )


ပုံ့ပုံ့ရေ ဒီနေ့ တို့တွေ နေမကောင်းဘူးလို့ အမေ့ကို လိမ်ပြောလိုက်ရအောင် ဒါဆိုတို့တွေအိမ်မှာနေပြီးတော့ တစ်နေကုန်ဆော့လို့ရပြီ
ဟင့်အင်း ပုံ့ပုံ့ဆရာမက ပြောတယ် ဘယ်တော့မှ မလိမ်သင့်ဘူးတဲ့ တို့တွေ လိမ်နေပြီဆိုရင် ဒါဟာ လှည့်စားတာပဲ


ဒါပေမဲ့ တစ်ခါတလေ လိမ်လိုက်ရရင် သိပ်ကောင်းမှာပဲ
မဟုတ်သေးဘူးလေ. . ဒီအကြောင်း ဗီဒီယိုလေး တစ်ခု ကြည့်လိုက်ရအောင်နော်




“ကဲကဲ . .  မုန့်တစ်ခုပဲရှိတယ် အပြေးပြိုင်ကြမယ် နိုင်သူစားကြေး . . ”
“ဟေး . . . . အပြေးပြိုင်ကြမယ်ဟေ့ . . ”
“ဘယ်လိုလဲ သဘောတူကြလားဟေ့ . . ”
“ဟေး . . . . တူတယ်ဟေ့ . . . ”




အပြေးပြိုင်ကြပြီ။


## အခန်း ( ၁ )




ဖိနပ်ကြိုးချည်နေတုန်း
ကျန်တဲ့သူတွေ ကျော်တက်သွားပြီ။



သူဟာ နောက်ကျကျန်နေတဲ့အတွက်
ဖြတ်လမ်းက ပြေးသွားလိုက်ပါတယ်။



ဖြတ်လမ်းကနေ ပြေးတဲ့သူဟာ ပန်းတိုင်ကို
ရှေ့ဆုံးကရောက်လာပြီးမှ ကျန်သုံးဦး
ပန်းဝင်လာပါပြီ။



“ ကဲကဲ . . . ငါနိုင်ပြီဆိုတော့
ဒီမုန့်ငါစားလို့ရပြီနော် . . .”

## အခန်း ( ၁ )




သူငယ်ချင်းတွေက
ကျောခိုင်းထွက်ခွာသွားကြပါတယ်။

လိမ်လည်လှည့်စားတဲ့သူကို
သူငယ်ချင်းများက မနှစ်သက်ကြပါ။

အခန်း ( ၁ )


မြင်ပြီလား
ကလေး တစ်ယောက်
လိမ်လည် လှည့်စားရင်
ဘာဖြစ်သွားတယ်
ဆိုတာကို
ဟုတ် သိပါပြီ
လုံးလုံးလေ ဘယ်တော့မှ လိမ်တာ ညာတာ
မလုပ်တော့ဘူး ဘယ်သူငယ်ချင်းမှမရှိဘဲ
တစ်ယောက်တည်း ကျန်ခဲ့တာမျိုးလဲ
မဖြစ်ချင်ဘူး


ကဲ အခု နောက်ထပ်
ဇာတ်လမ်းတိုလေးတစ်ခုဆီကို
သွားလိုက်ကြရအောင်နော်

## အခန်း ( ၁ )






မေမေနဲ့ ကစ်ကစ်တို့
စူပါမားကက်ကို သွားနေကြတယ်။

စူပါမားကက်မှာ ဦးလေးကြီးတစ်ယောက်ရဲ့
ပိုက်ဆံပြုတ်ကျသွားတာကို
ကစ်ကစ်မြင်လိုက်တယ်။





ကစ်ကစ်ဟာ ဦးလေးကြီးရဲ့ ပိုက်ဆံကို
ပြေးကောက်လိုက်ပြီး သူ့အိတ်ထဲကို
တိတ်တိတ်လေး ထည့်လိုက်ပါတယ်။



တစ်ချိန်တည်းမှာပဲ ဦးလေးကြီးဟာ
ကစ်ကစ်တစ်ယောက် ပိုက်ဆံ
ကောက်ထည့်နေတာမြင်သွားတယ်။



# အခန်း (၁)



ဦးလေးကြီးက ကစ်ကစ်ရဲ့အမေဆီသွားပြီး ကစ်ကစ်ဘာလုပ်ခဲ့တယ်ဆိုတာ ကစ်ကစ်အမေကို ပြောပြလိုက်တယ်။




ကစ်ကစ်ရဲ့အမေဟာ ဒေါသထွက်လာပြီး အားလုံးရှေ့မှာ ကစ်ကစ်ကို ဆူပူကြိမ်းမောင်းတော့တာပဲ။



## အခန်း ( ၁ )


လိမ်မယ် ညာမယ်၊ လိမ်လည်လှည့်စားမယ်၊ ကိုယ့်ကို
ခွင့်ပြုပေးထားတာမဟုတ်တဲ့
ပစ္စည်းဥစ္စာငွေကြေးတွေကို ရယူမယ်ဆိုရင်
ဒါဟာအကျင့်ပျက်ခြင်း ဖြစ်ပါတယ်
This is CORRUPTION!


တို့အားလုံး
ရိုးသားဖြောင့်မတ်
ကြပါစို့

အခန်း (၂)

# ကဗျာလေးတွေ ရွတ်ကြမယ် ပညာပေးအစီအစဉ်

| | |
|---|---|
| ၁ | မောင်တို့မယ်တို့ သာယာရေး |
| ၂ | ဤလေးဖြာ |
| ၃ | ကျင့်ကြမူရာ လမ်းပေါ်မှာ |
| ၄ | ရှောင်စေ ဝေးစေ |
| ၅ | ကိုယ့်အား ကိုယ်ကိုး |



အခန်း (၂)

# မောင်တို့ မယ်တို့ သာယာရေး

- မိသားစုချင်း နွေးထွေးစွာ
  ချစ်ခင်ကြင်နာ ဂရုစိုက်ပါ၊

- အရာရာကို နားလည်ပေး
  လေးစား ညီညွတ်ရေး။

- တစ်ဦးနဲ့တစ်ဦး ကူညီကာ
  မျှမျှတတ နေကြပါ၊

- တာဝန်ကိုယ်စီ ကျေပွန်ပေး
  မောင်တို့ မယ်တို့
  သာယာရေး။

ဆရာချစ်




# ဤလေးဖြာ



- ကိုယ့်ထက်ငယ်သူ ညီညီမများကို
  သနားဖေးမ ကူညီမယ်၊
- ရွယ်တူ မိတ်ရင်း သူငယ်ချင်းကို
  လေးစားခြင်းနဲ့ ပေါင်းစို့ကွယ်၊
- ကိုယ့်ထက်ကြီးသူ အစ်ကိုအစ်မများကို
  ရိုသေစိတ်ထား ဆက်ဆံမယ်၊
- မိရယ် ဖရယ် ဆရာသမားများကို
  ဦးထိပ်ထားလို့ ချစ်ပါကွယ်၊
- ဤလေးဖြာကို ခွဲခြားသိလို့
  တို့ကျောင်းသားများ လိုက်နာမယ်၊
- မှတ်ကွယ် မှတ်ကွယ်။

မောင်ပုည (အိမ်မဲ)

# ကျင့်ကြံမှုရာ လမ်းပေါ်မှာ



- လမ်းသွားစဉ်မှာ ကျယ်လောင်စွာ
ပြောဆိုပါနဲ့ ယဉ်ကျေးကွဲ့။
- လမ်းတွင်ရပ်နား ပြောလိုငြား
ရှောင်ထားပါကွဲ့ လွတ်ရာတဲ့။
- သံဃာ အိုရှယ် ကိုယ်ဝန်သည်
နေရာဖယ်လျက် ကူညီခဲ့။
- ဝန်လေးသယ်လာ တွေ့သည့်ခါ
ဦးစွာဖယ်ကွဲ့ မနီးနဲ့။(ကပ်)
- ထီးတုတ်ချွန်များ အောက်စိုက်ထား
ယူသွားပါကွဲ့ မမေ့နဲ့။
- လမ်းမကြီးပေါ် နင်းမိချော်
သစ်သီးခွံနော် မပစ်နဲ့။
- ခလုတ်ဆူးခဲ ပုလင်းကွဲ
ဆွဲဖယ်ကြကွဲ့ မြင်တာနဲ့။
- မတော်တဆလျှင် ခိုက်မိစဉ်
ယဉ်ကျေးစွာနဲ့ တောင်းပန်ခဲ့။

မောင်ပုည(အိမ်မဲ)

# ရှောင်စေ ဝေးစေ




- တစ်ဖက်သားကို အမျက်ပွားတော့
  ကိုယ့်မျက်နှာထား မပြုံးချို။
- ကိုယ်ချင်းစာနာ သိဉာဏ်ကင်းတော့
  အချင်းချင်းက မကြည်ညို။
- ဆဲကာဆိုကာ နှုတ်အာရိုင်းတော့
  ကြားရသူတိုင်း အပြစ်ဆို။
- ဟန်ပန်မူရာ မယဉ်ကျေးတော့
  ဝေးဝေးရှောင်ကြ လူများထို။
- ကောက်ကျစ်အကြံ သူ့ပေါ်နှပ်တော့
  ကိုယ်ပေါ် ပြန်ပတ်တတ်သကို။
- သူ့ကိုကိုယ်မုန်း သူကိုယ့်မုန်း
  အမုန်းဆင့်ကာပို။
- အဲဒါကြောင့် မကောင်းစိတ်ထား
  ရှောင်ဖယ်ရှား မှတ်သားကြစေလို။

မြေလတ် မောင်မြင့်သူ
( ကြက်တောင်စည်းနဲ့မစံပယ်ကလေးကဗျာများမှ )

# ကိုယ့်အား ကိုယ်ကိုး

- ရှေးလူကြီးများ၊
  ဆိုရိုးထား၊
  ကိုယ့်အား ကိုယ်ကိုးပါ။
- တစ်ပါးသောသူ၊
  အားကိုးမှု၊
  ဤလူ ဖျင်းနုံ့ချာ။
- ကိုယ်ထူ ကိုယ်ထ၊
  လုပ်ဆောင်မှ၊
  သုခ ရမည်မှာ။
- လူ့လောကတွင်၊
  လူတိုင်းပင်၊
  စွမ်းအင်ရှိသည်သာ။
- ကိုယ့်စွမ်း ကိုယ့်အင်၊
  သုံးချလျှင်၊
  စည်ပင်တိုးပွားရာ။
- စဉ်လာပုံခိုင်း၊
  ယှဉ်ပြန့်နိုင်း၊
  လူတိုင်းနှာခေါင်းနှင့်။



# အခန်း ( ၂ )

- နှာခေါင်းရှိလျက်၊
  ကိုယ့်အသက်၊
  ကိုယ့်တွက် ကိုယ်ရှူသင့်။
- သူများ နှာခေါင်း၊
  အငှားတောင်း၊
  အကြောင်း မဟုတ်ရှင့်။
- လူ့လောကဝယ်၊
  ဤပုံနှယ်၊
  မှတ်ဖွယ်လူ့အကျင့်။
- ကိုယ့်အား ကိုယ်ကိုး၊
  စီးပွားတိုး၊
  ကောင်းကျိုး အဆင့်ဆင့်။



ပြဋ္ဌာန်းစာအုပ်အဟောင်း

အခန်း ( ၃ )

# ပုံပြင်လေးတွေ ပြောပြမယ် ပညာပေးအစီအစဉ်

၁ သစ်သီးကလေးတစ်လုံး ပန်းကလေးတစ်ပွင့်

၂ အတူကစားချင်လို့

၃ အေးအတူပူအမျှ

၄ တာဝန်ယူတတ်သူ


၅ ရှဉ့်ကလေး ပြောင်းလဲသွားပြီ

၆ အမှန်တရားကိုပြောပါမယ်

၇ လာဘ်စားတဲ့ကြောင်

၈ မက်မွန်သီးချိုချို

၉ မောင်သံချောင်းကံကောင်းသလား၊ မကောင်းဘူးလား



## သစ်သီးကလေးတစ်လုံး၊ ပန်းကလေးတစ်ပွင့်



ဒီနေ့ကျောင်းဆင်းချိန်မှာ မေမေက ဘိုဘို့ကို ကျောင်းလာကြိုပါတယ်။

အိမ်အပြန်လမ်းမှာ မေမေက ဒေါ်ကြီးစုတို့အိမ်ကိုခဏဝင်လို့ ဘိုဘိုလဲ ဒေါ်ကြီးစုတို့ ခြံထဲမှာ ပါပီလေး ဂုတ်ကျားနဲ့ကစားခဲ့တယ်။


အိုး… သံပရိုသီးတွေ အများကြီးပဲ သီးနေလိုက်တာ ခူးချင်စရာပဲ။

ကြည့်ရင်း……. ကြည့်ရင်း…….နဲ့ ဘိုဘိုလဲ စိတ်မထိန်းနိုင်ဘဲ သံပရိုသီး တစ်လုံးကို ဖျတ်ခနဲခူးပြီး ကျောပိုးအိတ်ထဲ ထည့်လိုက်မိတယ်။

အိမ်ပြန်၊ ရေမိုးချိုး၊ ညစာစား၊ ကစားပြီး စာကျက်နေတုန်း ……

ဘိုးဘိုးခေါင်းမူးနေလို့ အမူးပြေသောက်ဖို့ သံပရာသီးမရှိလို့ ဖေဖေက မေမေ့ကို အပြစ်တင်သံကြားရပါတယ်။ ဘိုဘိုလဲ ချက်ချင်းသတိရပြီး ကျောပိုးအိတ် ထဲက သံပရိုသီးကို ပေးလိုက်တာပေါ့။ မေမေမေးတော့ ကျောင်းမှာသူငယ်ချင်း ကပေးလိုက်တာလို့ပဲ ဖြေလိုက်တယ်။ တော်ပါသေးရဲ့….. ဘိုးဘိုးလဲ သံပရိုဖျော်ရည်သောက်ပြီး ခေါင်းမူးတာနည်းနည်း သက်သာသွားတယ်။

မနက်ကျတော့ ဘိုးဘိုးနေမကောင်းတာကို ဒေါ်ကြီးစုက အိမ်မှာ လူနာလာမေးရင်းနဲ့ စကားပြောနေချိန်မှာ ဒေါ်ကြီးစုနဲ့ပါလာတဲ့ သမီးသဲသဲက "ဘိုဘို သမီးတို့ ခြံထဲမှာ သံပရိုသီးခူးလိုက်တာ သမီးအိမ်ပေါ်က မြင်လိုက်တယ်"လို့ ဝင်ပြော လိုက်တယ်။ ဧည့်သည်တွေပြန်သွားတော့ မေမေက ရှက်ပြီး ဘိုဘို့ကို ဆူတာပေါ့။



ဘိုးဘိုးက.......မေမေ့ကို မဆူပါနဲ့လို့ပြောပြီး ဘိုဘို့ကို ဒီလိုဆုံးမပါတယ်။

"ငါ့မြေးဘိုဘို...ကိုယ်ပိုင်ပစ္စည်းမဟုတ်ရင်၊ ကိုယ့်ကိုခွင့်ပြုထားတာ မဟုတ်ရင်၊ သူများခြံထဲကသစ်သီးကလေးတစ်လုံး ပန်းကလေးတစ်ပွင့် သစ်ကိုင်းလေး တစ်ကိုင်းတောင်....... ခွင့်မပြုဘဲ မယူသင့်ဘူး။

အများနဲ့ဆိုင်တဲ့ ပန်းခြံထဲက ပန်းကလေးတစ်ပွင့်ကိုတောင်မှ ကိုယ်တစ်ဦးတည်းအတွက်လိုချင်စိတ်နဲ့ မခူးရဘူး၊ မခြွေရဘူး၊ ပြီးတော့ လိမ်ပြီးမပြောရဘူး။ လိမ်ပြီးတော့ ညာပြီးတော့ ကိုယ့်ကိုခွင့်ပြုမထားတဲ့ အရာကို ယူမိပြီဆိုရင် ဒါကို အကျင့်ပျက်တယ်လို့ ခေါ်တယ်။ မြေးကလေးဘိုဘိုက ဒါကို သိပြီ၊ နားလည်ပြီဆိုရင် ရိုးသားဖြောင့်မတ်စွာ နေထိုင်သွားမယ်ဆိုတာ ဘိုးဘိုးယုံပါတယ်"လို့ ကြင်နာစွာပြောပါတယ်။

ဘိုဘိုလဲ အဲဒီအချိန်ကစပြီး မလိမ်မိဖို့၊ မညာမိဖို့၊ ကိုယ့်ကိုခွင့်ပြုပေးထားတာ မဟုတ်ရင် သစ်သီးကလေးတစ်လုံး ပန်းကလေးတစ်ပွင့်ကိုတောင် မယူမိဖို့ ဆင်ခြင်နေထိုင် သွားပါတော့တယ်။

## အတူကစားချင်လို့



နေ့လယ်မုန့်စားဆင်းချိန်မှာ အေးအေးတစ်ယောက် မုန့်ဈေးတန်းကို အပြေးလေး ထွက်ခဲ့ပါတယ်။ "ဟိတ် နေအုံး" လို့ ခေါ်သံကြားလို့ လှည့်ကြည့်လိုက်တော့ ရပ်ကွက်ထဲက အတူကစားတဲ့ စတုတ္ထတန်းက မမသီတာကို တွေ့လိုက်ရတယ်။ မမသီတာက "နင်မုန့်သွားဝယ်စားမလို့လား အတူသွားရအောင်" ဆိုလို့ မမသီတာနဲ့ မုန့်ဈေးတန်းကို အတူသွားကြတယ်။ မမသီတာက "နင်ပိုက်ဆံဘယ်လောက်ပါလဲ ပေး ငါဝယ်ပေးမယ်" ဆိုပြီး အေးအေးလက်ထဲက နှစ်ရာတန်ကို ယူပြီး မုန့်သည်ကိုပေးလိုက်တယ်။ တစ်ရာတန်မုန့်နှစ်ခုကိုယူလိုက်ပြီး "မမတစ်ခုစားမယ်နော် ဒီနေ့ မုန့်ဖိုးမပါလာလို့ နောက်နေ့ကျရင် ပြန်ပေးမယ်" လို့ ပြောပါတယ်။



မေမေက ကိုယ့်မှာရှိတဲ့မုန့်ကို သူငယ်ချင်းတွေကို မျှဝေပေးရမယ်လို့ ပြောပြထား လို့ အေးအေးလဲ မမသီတာကို “ရပါတယ် မမ” လို့ ပြောပြီး အတူတူစားခဲ့ တယ်။



နောက်ရက်တွေမှာလဲ မမသီတာဟာ အေးအေးရဲ့ မုန့်ဖိုးကို အမြဲခွဲဝေယူစား နေပါတော့တယ်။ တစ်နေ့တော့ အေးအေးက “မမသီတာ ညီမလေးကို မုန့်ဖိုး ပြန်ပေးမယ်ဆို”လို့ ပြောလိုက်မိတယ်။ အဲဒီအခါမှာ မမသီတာဟာ စိတ်ဆိုးတဲ့ အမူအရာနဲ့ “နင့်ကိုပြန်ပေးစရာ ပိုက်ဆံမရှိလို့မပေးတာပေါ့ဟဲ့ ဘာလဲ မကျေးချင်ဘူးလား နင့်အမေကို ပြန်မပြောနဲ့နော် ပြန်ပြောရင် နင် ငါတို့နဲ့အတူ မကစားရတော့ဘူး”လို့ပြောပါတယ်။ အေးအေးလဲ မမသီတာတို့နဲ့ မကစားရမှာစိုးလို့ မေမေ့ကို ပြောမပြခဲ့ပါ။




ဒါပေမဲ့ နေ့လယ်မုန့်စားချိန်ရောက်တိုင်း အေးအေးမပျော်ပါ။ အေးအေး ဘယ်လိုလုပ်ရမှာလဲ။ အေးအေးကို ကူညီနိုင်မဲ့နည်းလေးပြောပြကြပါ။

# အခန်း ( ၃ )

## အေးအတူပူအမျှ



တစ်ခါတုန်းက ဘဲကလေး၊ မျောက်ညို၊ ငန်းဖြူနဲ့ ဝက်ဝံကြီးတို့ သူငယ်ချင်းလေးဦးရှိသတဲ့။ တစ်နေ့တော့ သူငယ်ချင်းလေးဦးဟာ လှေငယ်တစ်စင်းနဲ့ ပင်လယ်ထဲ ရွက်လွှင့် ထွက်ခဲ့ကြတယ်။

ပင်လယ်ပြင်ရောက်လို့ မကြာခင်မှာ လေပြင်းမုန်တိုင်းမိပြီး လှေကလေးဟာ ကျောက်ဆောင်နဲ့တိုက်မိသွားတယ်။ လှေလဲကွဲ ရွက်တွေလည်း စုတ်ပြဲသွားလို့ သူငယ်ချင်းတစ်စု ဒုက္ခရောက်ကြရတယ်။

လေငြိမ်သွားတဲ့အခါမှာ လှေကိုစုပေါင်းပြီး ပြင်ဆင်ကြဖို့ ဆုံးဖြတ်ကြတဲ့အခါမှာ ဘဲကလေးကတော့ရေကူးတတ်လို့ လှေကိုအပင်ပန်းခံပြီး မပြင်ချင်တာနဲ့ ကမ်းဆီကို တစ်ဦးတည်း ပြန်ကူးသွားတယ်။ ကျန်ခဲ့တဲ့ သူငယ်ချင်းသုံးဦးကတော့ စုပေါင်းလုပ်အားနဲ့ လှေကလေးကို ပြုပြင်ကြတယ်။ ဉာဏ်ပညာပိုရှိတဲ့ ဝက်ဝံကြီးကိုလဲ ခေါင်းဆောင်အဖြစ်ရွေးလိုက်ကြတယ်။



လှေပြင်ပြီးတဲ့အခါ ဝက်ဝံကြီးကလဲခေါင်းဆောင်ပီသစွာနဲ့ ပဲ့ကိုင်တာဝန်ယူပြီး လှေကိုဦးဆောင်လှော်တယ်။ မျောက်ညိုကလေးကလဲ ဝက်ဝံကြီးကို အရင်က သူငယ်ချင်းဖြစ်ပေမဲ့ သူက ရေလမ်းနဲ့ ရာသီဥတုကြည့်ဖို့ တာဝန်ယူမဲ့

အကြောင်း လေးစားစွာပြောသတဲ့။ ငန်းဖြူကလေးကလဲ ကြိုးထိန်းတာဝန် ယူတယ်။ ဒီလိုတာဝန်ကိုယ်စီယူပြီး ခရီးထွက်လာတုန်း ဘဲကလေးကို မိကျောင်းကြီး လိုက်ဖမ်းနေတာကို တွေ့လိုက်ရတယ်။



ဘဲကလေးကို ဝက်ဝံကြီးတို့အုပ်စုက လှေပေါ်ကနေ ကြိုးကွင်းချပေးပြီး ကယ်လိုက်ကြတယ်။ ဘဲကလေးကလဲ ဒုက္ခရောက်ခဲ့စဉ်က မိတ်ဆွေ အပေါင်းအသင်းတွေကို မကူညီဘဲ တစ်ကိုယ်ကောင်းဆန်စွာ ထွက်ပြေးခဲ့တဲ့ သူ့ကို သူငယ်ချင်းတွေက စိတ်ထားမြင့်မြတ်စွာနဲ့ ကူညီကြလို့ အသက်ချမ်းသာ ရာရတာကို အသိတရား ရသွားတယ်။ ကျရာတာဝန်ယူပြီး အများအကျိုး ဆောင်ဖို့ သဘောပေါက်သွားတယ်။ သူငယ်ချင်းတွေကလဲ ဘဲကလေးကို ညှာတာထောက်ထား ခွင့်လွှတ်ကြလို့ သူငယ်ချင်းလေးဦး အရင်ကလိုပဲ ပျော်ရွှင်စွာနဲ့ အသက်ထက်ဆုံး နေသွားကြတယ်။



မြန်မာ့ယဉ်ကျေးမှုနှင့် ထုံးဓလေ့များ

# တာဝန်ယူတတ်သူ



အေးအေးမှာ မောင်နှမသုံးယောက်ရှိပါတယ်။ အေးအေးက တတိယတန်း ကျောင်းသူဖြစ်ပြီး မောင်လေးအောင်အောင်က သူငယ်တန်းဖြစ်ပါတယ်။ ညီမလေး ထွေးထွေးက အသက်သုံးနှစ်သာ ရှိသေးတာကြောင့် ကျောင်းမနေသေးပါ။ အေးအေးဟာ အိမ်မှာရောကျောင်းမှာပါ ကိုယ့်ရဲ့တာဝန်အသီးသီးကို ကိုယ့်အား ကိုယ်ကိုးပြီး အကောင်းဆုံးလုပ်ကိုင်တတ်သူဖြစ်ပါတယ်။ မောင်လေးအောင်အောင် က ငယ်သေးတော့ မျက်နှာသစ်ဖို့၊ သွားတိုက်ဖို့၊ ခေါင်းဖြီးဖို့ မေမေက အမြဲတိုက်တွန်းနေရပါတယ်။ တစ်ခါတလေ မေမေက စိတ်တိုလာပြီး အသံ ကျယ်ကျယ်နဲ့ ပြောတဲ့အချိန်မှသာ သူ့အလုပ်သူ လုပ်ပါတယ်။ သူ့ရဲ့ကစားစရာ အရုပ်တွေကို ကစားပြီးရင် ကစားတဲ့နေရာမှာပဲ ထားခဲ့တတ်လို့ အေးအေးက ပြန်သိမ်းဖို့ သတိပေးရပါသေးတယ်။ မောင်လေးကို ကိုယ်လုပ်နိုင်တဲ့အလုပ်ကို သူများကမနှိုးဆော်ရဘဲ အကောင်းဆုံးလုပ်မှသာ တာဝန်ယူတတ်သူဖြစ်မယ်၊ ဒါမှ ဖေဖေ၊ မေမေနဲ့ မမတို့က ပိုချစ်မယ်လို့ အေးအေးက ပြောပြရပါတယ်။ ကျောင်းဖွင့်ရက်တွေမှာ အေးအေးက အမြဲတမ်းမနက်(၆) နာရီ အိပ်ရာထပြီး အိပ်ရာအရင်ဆုံး သိမ်းပါတယ်။ ပြီးရင် မီးဖိုထဲမှာ မေမေ့ကို ကူညီလုပ်ကိုင်ပေး

ပါတယ်။ တစ်ခါတစ်ခါမေမေမအားခဲ့ရင် ညီမလေးကို အဝတ်အစားလဲပေးတာတို့ မငိုအောင်အတူကစားပေးတာတို့ လုပ်ပေးရပါတယ်။ မောင်လေးအောင်အောင်ကိုလဲ သနပ်ခါးလိမ်းပေးပါတယ်။ ပြီးရင် ကျောင်းသွားဖို့ ကိုယ်တိုင်ပြင်ဆင်ရပါတယ်။ ကျောင်းစာအုပ်နဲ့ ကျောင်းသုံးပစ္စည်းတွေ မကျန်အောင်လဲ ဂရုစိုက်ရပါတယ်။ အဲဒီကိစ္စတွေကို မေမေက မန္တီးဆော်ရဘဲ မှန်မှန်ကန်ကန်ပြီးစီးအောင် လုပ်ပါတယ်။



ကျောင်းသွားတဲ့အခါ မောင်လေးအောင်အောင်ကို ဂရုတစိုက် စောင့်ရှောက်ပြီးခေါ်သွားပါတယ်။ နေ့လယ်မုန့်စားကျောင်းဆင်းချိန်မှာ မောင်လေးအောင်အောင်နဲ့အတူ ထမင်းစားပါတယ်။ မောင်လေးအောင်အောင်စားချင်တဲ့မုန့်ကိုဝယ်ကျွေးပါတယ်။ ညနေကျောင်းဆင်းချိန်မှာ မောင်လေးအောင်အောင်ကို စောင့်ခေါ်ပြီး အတူအိမ်ပြန်ပါတယ်။

အိမ်ပြန်ရောက်ရင် အပင်လေးတွေကို ရေလောင်းပေးပါတယ်။ မောင်လေးအောင်အောင်နဲ့ညီမလေးထွေးထွေးတို့ပစ်ချထားတဲ့ အိမ်နားတစ်ဝိုက်က အမှိုက်တွေကိုလဲ အမှိုက်ပုံးထဲစွန့်ပစ် ရှင်းလင်းရပါတယ်။ ပါပီလေးကိုလဲ အစာကျွေးပေးပါတယ်။ ညနေစာစားပြီးချိန်မှာ အေးအေးရဲ့ကျောင်းစာတွေ လုပ်ပြီးရင် ဖေဖေ့စာအုပ်စင်ပေါ်က ပုံပြင်စာအုပ်လေးကိုယူပြီး မောင်လေး ညီမလေးတွေကို ဖတ်ပြပါတယ်။ ပုံပြင်ဖတ်ပြီးရင်လဲ ပုံပြင်စာအုပ်ကို မူလနေရာမှာ ပြန်ထားပေးပါတယ်။ အေးအေးရဲ့ တာဝန်ယူတတ်မှုတွေကို ဖေဖေ မေမေတို့က ဧည့်သည်တွေရှေ့မှာ ဂုဏ်ယူပြီးပြောကြတဲ့အခါ အေးအေး အလွန်ပျော်ပါတယ်။

## ရှဉ့်ကလေး ပြောင်းလဲသွားပြီ



လှပတဲ့သစ်တောကြီးတစ်ခုမှာ မြင့်မားတဲ့ ထင်းရှူးပင်တစ်ပင်ရဲ့ သစ်ခေါင်းထဲမှာ ရှဉ့်မိသားစုတစ်စု နေထိုင်ကြတယ်။ သူတို့တွေကတော့ ရှဉ့်ဖေဖေနဲ့ မေမေရယ် ရှဉ့်အစ်ကိုရယ်နဲ့ ရှဉ့်ညီလေးတို့ဖြစ်ပြီး စိုးရိမ်ပူပန်စရာမရှိတဲ့ဘဝလေးက အေးချမ်းသာယာလှတယ်။

ညီအစ်ကိုနှစ်ဦးစလုံးဟာ တစ်ကိုယ်လုံး ပြောင်လက်နေတဲ့အမွေးတွေနဲ့ ရွှန်းလဲ့နေတဲ့မျက်လုံးတစ်စုံ၊ မျက်တောင်ရှည်နဲ့ သန်မာအားရှိတဲ့ ခြေလေးချောင်းတို့ ပိုင်ဆိုင်ကြတယ်။ သူများတွေက ဘယ်သူကအစ်ကို၊ ဘယ်သူကညီဆိုတာ ခွဲခြားလို့မရကြဘူး။ အားလုံးက အမြွှာလို့တောင်ပြောကြတယ်။ ညီဖြစ်သူရဲ့အမြီးဟာပိုတုတ်တယ်၊ အစ်ကိုဖြစ်သူကနားရွက်ပိုရှည်တယ်ဆိုတာကို ရှဉ့်ဖေဖေနဲ့မေမေကသိတယ်။ ဒါကြောင့် ညီဖြစ်သူကို “မြီးတုတ်”၊ အစ်ကိုဖြစ်သူကို “နားရှည်”လို့ခေါ်ကြတယ်။ “မြီးတုတ်” နဲ့ “နားရှည်” ဟာ ဖေဖေနဲ့မေမေရှေ့မှာ အဝတ်အစားဆို လက်ဆန့်လိုက်၊ အစားအစာဆို ပါးစပ်ဟလိုက်နဲ့ပဲ နေကြတယ်။ နေ့ရက်တွေ တစ်ရက်ပြီး တစ်ရက် ကုန်ဆုံးသွားပြီး သူတို့နှစ်ဦးဟာလဲ တဖြည်းဖြည်း ကြီးပြင်းလာကြတယ်။

တစ်နှစ်သော ဆောင်းဦးရာသီမှာ ရှဉ့်ဖေဖေဟာ ကလေးနှစ်ဦးကို ခေါ်ပြီး “သားတို့ကြီးလာပြီ နေ့တိုင်းအိမ်မှာပဲနေလို့ မဖြစ်တော့ဘူး။ တောထဲသွား အတွေ့အကြုံယူ လေ့ကျင့်၊ မိမိဘာသာရပ်တည်နိုင်အောင် သင်ယူရမယ်” လို့ တည်ကြည်စွာနဲ့ပြောတယ်။


ညီအစ်ကိုနှစ်ဦး တစ်ဦးကိုတစ်ဦး ကြည့်ကြပြီး မျက်ဝန်းထဲမှာတော့ စိတ်ပူပင်မှုတွေ၊ ကြောက်ရွံ့မှုတွေကို အထင်းသားမြင်နေရတယ်။ သူတို့မေမေကို ခိုးကြည့်တော့ မေမေက တည်ငြိမ်ပြတ်သားတဲ့အကြည့်နဲ့ သူတို့ကိုစိုက်ကြည့်တယ်။ သူတို့ဖေဖေရဲ့ ဆုံးဖြတ်ချက်ဟာ တော်ရုံနဲ့ ပြင်မှာမဟုတ်ဘူးဆိုတာကို သိလိုက်တယ်။ ဒါနဲ့ သူတို့အထုပ်အပိုးတွေပြင်ပြီး ဖေဖေနဲ့မေမေ့ကို နှုတ်ဆက်ကာ တောထဲထွက်သွားကြတယ်။

သွားရင်း သွားရင်း ဘယ်လောက်သွားခဲ့လဲဆိုတာတောင် မသိတော့ဘူး။ တစ်ခါမှမတွေ့ဖူးတဲ့ ထင်းရှူးတောကြီးတစ်ခုကို တွေ့လိုက်တယ်။ ထင်းရှူးပင်တွေဟာ စိမ်းလန်းဝေဆာလို့ အပင်တိုင်းမှာ စွဲမက်ဖွယ်ကောင်းတဲ့ ထင်းရှူးသီးတွေနဲ့ အပြည့်ပဲ။ ညီအစ်ကိုနှစ်ဦးဟာ သူတို့နှစ်သက်တဲ့ သစ်ပင်ကို ကိုယ်စီရွေးလိုက်ကြပြီးတော့ ဘဝသစ်စကြတယ်။

"မြီးတုတ်" က အပင်ပေါ်တက်၊ သစ်ကိုင်းတစ်ခုမှာ လဲလျောင်းလိုက်ပြီး တစ်ပင်လုံးအပြည့်ရှိတဲ့ အသီးတွေကိုကြည့်ကာ အပြင်လောကကြီးမှာရှင်သန်ရတာ ဒီလောက်တောင် အေးဆေးလှချည်လား ထင်မိတယ်။ ခပ်လှမ်းလှမ်းက အပင်ပေါ်မှာ "နားရှည်" က အပေါ်တက်လိုက် အောက်ဆင်းလိုက်နဲ့ အလုပ်ရှုပ်နေတာကို တွေ့လိုက်တော့ "မြီးတုတ်"က "အစ်ကို နေရောင်ရှိတုန်း နေပူဆာလှုံရင်း အနားယူလိုက်အုံး၊ အိပ်လိုက်အုံးလေ" လို့ အော်ပြောတယ်။



အစ်ကိုက..... "မဖြစ်ဘူး၊ ဆောင်းတွင်းရောက်တော့မှာ၊ အသိုက်ကို သေချာပြင်ဆင်မှ"... လို့ ပြန်ပြောတော့ ညီလေးက....."ဆောင်းတွင်းက စောသေးတယ်လေ"... လို့ ပြောလိုက်တယ်။



ရက်အနည်းငယ်ကြာတော့ "နားရှည်"က ဝင်လိုက်ထွက်လိုက်နဲ့ ထင်းရှူးသီးတွေ သိုလှောင်နေပြန်ရော။ ဒါကိုမြင်တဲ့ "မြီးတုတ်"က "အစ်ကို ဒီမှာ ထင်းရှူးသီးတွေက နေရာတိုင်းမှာရှိတယ်၊ များလွန်းလို့ စားလို့တောင် မကုန်ဘူး။ ဒီနေ့ ရာသီဥတုသာယာတယ်၊ တူတူပုန်းတမ်းကစားရအောင်"လို့ ခေါ်လိုက်တယ်။

အစ်ကိုဖြစ်သူ "နားရှည်"က "မဖြစ်ဘူးကွ ဆောင်းတွင်းရောက်တော့မယ်။ ဆောင်းတွင်းအတွက် စားနပ်ရိက္ခာတွေ သိုလှောင်ထားမှ ညီလေးရဲ့"လို့ ပြောတော့ "မြီးတုတ်"က "ဆောင်းတွင်းက စောသေးတယ်လေ အစ်ကိုရဲ့" လို့ ပြန်ပြောလိုက်ပြန်ပါတယ်။

ဒီလိုနဲ့ တစ်ရက်ပြီးတစ်ရက် ကုန်ဆုံးသွားတယ်။ "နားရှည်" က နေ့တိုင်း ဆောင်းတွင်းအတွက်ပြင်ဆင်တယ်။ "မြီးတုတ်" ကတော့ နေ့တိုင်း နေဆာလှုံလိုက်၊ အိပ်ပုပ်ကြီးလိုက်၊ လိပ်ပြာဖမ်းလိုက်၊ သစ်ရွက်ကြွေတွေ လိုက်ခုန်အုပ်လိုက်၊ အပေါ်မှာခုန်လိုက် အောက်မှာပြေးလိုက်နဲ့ ပျော်နေလိုက်တာ။ ဗိုက်ဆာလာရင် အသီးကို အသင့်ခူးစားလိုက်တယ်။ အပူအပင်မရှိ ပျော်ရွှင်စွာနေလာလိုက်တာ အချိန်တွေကုန်သွားတာလဲ သတိမထားမိဘူး။ ဒီနေ့တောထဲမှာ နှင်းတွေကျလို့ ဆောင်းရောက်ပြီ။



"မြီးတုတ်" က သစ်ကိုင်းထောင့်မှာ ပုပုလေးထိုင်ပြီး လေအေးတွေ တိုက်တော့ ခိုက်ခိုက်တုန်နေတယ်။ သူ့ကိုယ်ပေါ်မှာရှိတဲ့ သားမွေးအင်္ကျီကလဲ အစောကြီးကတည်းက အအေးဒဏ်မခံနိုင်တော့ဘူး။ ဗိုက်ဆာလာပြီ၊ တစ်ပင်လုံး အပြည့်သီးနေတဲ့ အသီးတွေကလဲ ဘယ်အချိန်ကတည်းက ကြွေကျကုန်မှန်း မသိ၊ အခြားတိရစ္ဆာန်တွေက တွင်းတွေထဲကို မ,သယ်သွားပြီး သိုလှောင်ထား

လိုက်ကြတယ်။ ချမ်းလိုက်တာ။ ဒီဆောင်းကုန်တဲ့အထိ နေနိုင်ပါ့မလားလို့ "မြီးတုတ်" ခံစားလာရတယ်။

"နားရှည်" က "ညီလေး ငါ့အိမ်ကိုအမြန်လာခဲ့"လို့ အော်ခေါ်တော့ သူ့အတွက် ကယ်တင်ရာရပြီပေါ့၊ အစ်ကို့အိမ်ဟာ နွေးထွေးပြီး ဖိမ်ကျလိုက်တာ၊ စွဲမက်ဖွယ်အသီးရနံ့တွေကလဲ သင်းလို့၊ "မြီးတုတ်"က အစားတစ်နပ်ကို ဝလင်စွာစားပြီး ဖိမ်ကျကျနဲ့ တစ်ရေးတစ်မောအိပ်လိုက်တယ်။ အစ်ကိုဖြစ်သူရဲ့ အိမ်မှာ အပူအပင်မရှိ နေထိုင်ရတော့ အေးခဲငတ်ပြတ်နေတဲ့ နေ့ရက်တွေကို လွယ်လွယ်လေး မေ့သွားတယ်။

ညီဖြစ်သူ "မြီးတုတ်" အလုပ်မလုပ်ဘဲ အားအားယားယားနေနေတာကို အစ်ကိုဖြစ်သူက ညှာတာစိတ်နဲ့ ဘာမှမတွက်ကတ်ရှာဘူး။ ဒါပေမဲ့ တစ်နေ့မှာ "နားရှည်" အင်မတန်စိတ်ဆိုးရတယ်။ ခုတလော သိုလှောင်ထားတဲ့ ရိက္ခာတွေကုန်တာ မြန်လိုက်တာလို့သတိထားမိတော့ ဒီအတိုင်းသာဆိုဆောင်းတွင်းမှာစားသောက်ဖို့မလုံလောက်တော့ဘူး။ "နားရှည်" စိတ်ပူပန်သွားတယ်။ ဒါပေမဲ့ ဘာကြောင့်ဖြစ်တယ်ဆိုတာ စဉ်းစားလို့မရဘူး။ ဆီးနှင်းတွေ ရေခဲတွေ ဖုံးလွှမ်းနေချိန်မို့ အခြားစားစရာလဲရှာမရဘူး။ ဒီနေ့ "နားရှည်"က အခန်းသန့်ရှင်းရေးလုပ်တဲ့အချိန် "မြီးတုတ်" ရဲ့ခုတင်အောက်မှာ အသီးတွေအများကြီးကို မထင်မှတ်ဘဲတွေ့လိုက်တယ်။ တချို့ကလုံးဝအကောင်း၊ တချို့က တစ်ဝက်စားပြီးသား။ "နားရှည်" စိတ်ပျက်သွားပြီး "မြီးတုတ်" ကို ခေါ်ပြီး မေးတယ်။ "မြီးတုတ်"က ကြည့်ပြီး ဘာမှမဖြစ်သလိုပြောတယ် "သြော်၊ ဒါတွေက ကျွန်တော်ပစ်ထားတာ၊ ဒါကအရမ်းသေးလို့၊ ဒါက စားလို့မကောင်းဘူး၊ ဒါကခွာမရဘူး၊ ဒါက ....." ဆိုပြီး ဖြည်းဖြည်းချင်း ဟိုရွှေးဒီရွှေးပြောပြတယ်။

"နားရှည်" စိတ်ဆိုးလိုက်တာ ဒေါသတွေ ငယ်ထိပ်ကိုရောက်ပြီး ဒီလိုပြောလိုက်တယ် "ညီလေး မင်း ကိုကို့အိမ်ကိုမလာခင် အေးလွန်းနေတဲ့အပြင်မှာ ချမ်းတုန် ငတ်ပြတ်နေတဲ့ဘဝကို မေ့သွားတာလား။ ဒီနေ့ မင်းဒါတွေကို

လွှင့်ပစ်လိုက်တယ်ဆိုတော့ မင်းဘယ်လောက်ပစ်လိုက်သလဲ၊ အပြင်သွားပြီး မင်းစားကောင်းမယ်ထင်တဲ့အသီးကို ပစ်လိုက်တဲ့ အရေအတွက်အတိုင်း ပြန်ရှာလာခဲ့”လို့ အသံကျယ်ကျယ်နဲ့ပြောလိုက်တဲ့အခါ “မြီးတုတ်” တစ်ခွန်းမှ ပြန်မပြောနိုင်တော့ဘူး။ “နားရှည်”က “ငါတို့က မိဘကိုခွဲခွာပြီး ကိုယ့်ဘာသာ ရပ်တည်ရတာ၊ ပထမဆုံးလုပ်ရမဲ့တစ်ချက်က အလုပ်ကြိုးစားရမယ်၊ ပြီးတော့ ခြိုးခြံချွေတာရမယ်။ ဒီလိုမှ စားဝတ်နေရေး မတောင့်တ၊ မပူပင်ရတဲ့ဘဝ ဖြစ်မှာ” လို့ တည်တည်ကြည်ကြည်ပြောတယ်။

“မြီးတုတ်”က အစ်ကိုဖြစ်သူရဲ့ စကားကိုနားထောင်ပြီး ရှက်ရွံ့စွာနဲ့ ခေါင်းကိုငုံ့ချလိုက်တယ်။ နောက်နှစ်ဆိုရင် အစ်ကို့လိုပဲ အိမ်သစ်တစ်လုံး ဆောက်မယ်။ ဆောင်းတွင်းအတွက် ရိက္ခာတွေစုဆောင်းမယ်။ ပြီးတော့ ခြိုးခြံချွေတာမယ်လို့ သူ့ကိုယ်သူလဲ ဆုံးဖြတ်ချက်ချလိုက်တယ်။

နောက်တစ်နှစ် နွေဦးရာသီ ပန်းမန်တွေဖူးပွင့်တော့ အရာအားလုံး ပြန်လည်ရှင်သန်လာတဲ့အချိန်မှာ ထင်းရှူးတောထဲမှာ အသိုက်ကိုသေချာပြင်ပြီး ထင်းရှူးသီးတွေစုဆောင်းလို့ အလုပ်ရှုပ်နေတဲ့ ရှဉ့်ကလေးတစ်ကောင်ကို အားလုံးပဲတွေ့ကြရတယ်။ ဟုတ်ပါတယ်။ “မြီးတုတ်” ပါပဲ။


## အမှန်တရားကိုပြောပါမယ်



မောင်မောင်ဟာ ဂိမ်း(Game) ကစားရတာကို အလွန်နှစ်သက်ပါတယ်။ ကျောင်းဆင်းချိန် အိမ်ပြန်လမ်းကဂိမ်းဆိုင်မှာ တစ်ခါတစ်ခါ ဂိမ်းဝင်ကစားလေ့ ရှိတယ်။ ဒါပေမဲ့ မောင်မောင်ဟာ နေ့စဉ် မုန့်မစားဘဲ စုထားမှ တစ်ခါတစ်ရံသာ ကစားနိုင်ပါတယ်။ ငွေလိုတာပေါ့ကွယ်။

တစ်နေ့တော့ မုန့်စားဆင်းချိန်မှာ မောင်မောင်ဟာ မုန့်ဝယ်မစားတဲ့ အတွက် အတန်းထဲကို အစောကြီး ပြန်ဝင်လာတယ်။ ဒီအချိန်မှာ သော်သော်ရဲ့ ခုံပေါ်မှာရှိတဲ့ ပေတံနဲ့ခဲတံတွေကို သော်သော်နဲ့မတည့်တဲ့ ခင်မက အတန်းဖော်တွေ မရှိတုန်း ဒေါသနဲ့ ချွတ်ခနဲ ချွတ်ခနဲ ချိုးလိုက်တာကို မောင်မောင် မြင်လိုက်တယ်။

မောင်မောင်က "ဟေ့.....ဟေ့ ခင်မ အဲဒီလိုမလုပ်နဲ့လေ"လို့ ပြောလိုက်တော့ ခင်မက "သော်သော့်ကို မုန်းလို့လုပ်တာပေါ့၊ မောင်မောင် နင်အတန်းထဲမှာ ပြန်မပြောရဘူးနော်၊ ပြန်ပြောရင် နင့်ကို ငါမခေါ်တော့ဘူး၊ ရော့ ငါ့မုန့်ဖိုး နင်ယူလိုက်၊ ပြန်မပြောရင် နေ့တိုင်း နင့်ကိုမုန့်ဖိုးပေးမယ်" ဆိုပြီး အတန်းပြင်ကို ပြေးထွက်သွားပါတယ်။



မုန့်စားကျောင်းပြန်တက်ချိန်မှာ.....

ဆရာမက "သော်သော်ရဲ့ ပေတံ၊ ခဲတံတွေကို ဘယ်သူချိုးလဲ ဘယ်သူမြင်လိုက်လဲ"လို့ အတန်းသားများကို မေးတဲ့အချိန်မှာ မောင်မောင်ဟာ အမှန်ကို ပြောရမလား၊ လိမ်ညာပြီး ကျွန်တော် မသိဘူးလို့ ဖြေရမလား ဝေခွဲမရဖြစ်နေပါတော့တယ်။

ဆရာမက ဒီလိုပြောပါတယ် . . .

"ဒီအတန်းထဲမှာ သူများပစ္စည်းကိုဖျက်ဆီးတဲ့သူ တစ်ယောက်ယောက်တော့ရှိနေပြီ။ ဖျက်ဆီးမိတဲ့သူက ဝန်ခံဖို့ ဒါမှမဟုတ် မြင်တဲ့သူက ဆရာမကို သတင်းပေးဖို့ အချိန်တစ်ရက်ပေးမယ်။ အားလုံးရှေ့မှာ မပြောရဲရင် ဆရာမကို ရုံးခန်းမှာ လာပြောနိုင်တယ်။ ဘယ်သူလုပ်တယ်ဆိုတာ မပေါ်ရင် ဒီအတန်းက ရိုးသားမှုမရှိတဲ့အတန်းလို့ တစ်ကျောင်းလုံးက ထင်ကြမယ်။ ဒါကြောင့် မိမိအပြစ်ကို မိမိဝန်ခံတာဟာ ဖြောင့်မတ်တည်ကြည်တဲ့ အပြုအမူဖြစ်တယ်"လို့... ပြောပါတယ်။

မောင်မောင်ဟာ ကျောင်းဆင်းတော့ အိမ်ကို စိတ်လေးလေးနဲ့ ပြန်လာခဲ့ပါတယ်။ ညရောက်တော့ ဖေဖေက "မောင်မောင် ဘာဖြစ်နေတာလဲ"လို့ ချော့ပြီးမေးတော့ နောက်ဆုံးမှာ ပြောပြလိုက်ပါတယ်။




ဖေဖေက ပြောတယ်၊ "သား ... ခင်မက သားကို မုန့်ဖိုးပေးတာဟာ သူလုပ်မိတဲ့အပြစ်ပေါ်သွားမှာစိုးလို့ဖြစ်တယ်။ အဲဒါကို လာဘ်ထိုးတယ်လို့ခေါ်တယ်။ သားက ဆရာမကို အမှန်အတိုင်း မပြောပြဘူးဆိုရင် ဆရာမက ခင်မရဲ့ စိတ်ဓာတ်၊ အကျင့်နဲ့ အပြုအမူကို သွန်သင်ဆုံးမ ပြုပြင်ပေးနိုင်မှာ မဟုတ်တော့ဘူး။

ဒီလိုနဲ့ပဲ အပြစ်မရှိတဲ့ အခြားအတန်းဖော်တွေအားလုံးဟာ ခင်မရဲ့ အပြစ်နဲ့ သားရဲ့ အမှန်အတိုင်းမပြောမှုတို့ကြောင့် သူလား၊ ငါလား သံသယဝင်တာ ခံစားရပြီး တစ်ယောက်ရဲ့အပြစ်ကြောင့် အတန်းဖော်အားလုံးကို စိတ်ပင်ပန်းထိခိုက်စေမှာဖြစ်တယ်။

ဒါကြောင့် သားက အမှန်တရားကို ပြောရဲရမယ်။ ကိုယ်မယူသင့်တဲ့ ငွေကို မယူရဘူး။ ဖြောင့်မတ်တည်ကြည်တဲ့ ကလေးဖြစ်အောင် လုပ်ပါ သားရယ်"လို့ ပြောလိုက်ပါတယ်။

ကဲ..... မောင်မောင် ဘာလုပ်မှာလဲ

# လာဘ်စားတဲ့ကြောင်



တစ်ခါတုန်းက သူဌေးကြီးတစ်ဦးရှိတယ်။ လယ်တွေအများကြီး စိုက်ထားတယ်။ အိမ်ကအလွန်ချမ်းသာတော့ စားနပ်ရိက္ခာနဲ့ စားကောင်းတာတွေ အများကြီးရှိတယ်။ ဒီစားနပ်ရိက္ခာတွေကြောင့် ကြွက်တွေအများကြီး ရောက်လာပြီး ကိုက်ကြ၊ ချီကြနဲ့ သူဌေးကြီးစိတ်ညစ်ရတာပေါ့။

တစ်နေ့မှာတော့ သူဌေးကြီးက ဈေးကနေ ကြောင်တစ်ကောင် ဝယ်လာခဲ့တယ်။ ကြောင်က ကြွက်ခုပ်တာ အလွန်တော်တယ်။ အဲဒါကြောင့် ရက်သိပ်မကြာခင်မှာပဲ ကြွက်တွေ လျော့ပါးသွားတယ်။ ကြွက်တွေက နောက်ပိုင်းမှာ သူဌေးကြီးရဲ့ ပစ္စည်းတွေကို ကိုက်ဖို့၊ ချီယူဖို့ လွယ်လွယ်နဲ့ မလှုပ်ရှားကြတော့ဘူး။

သူဌေးက ကြောင်ရဲ့လုပ်ဆောင်ချက်ကို သဘောကျပြီး တစ်ရက်ခြားငါးကြော်တွေ၊ ငါးကင်တွေအများကြီးကျွေးပြီး ဆုချတယ်။ ငါးမကျွေးတဲ့ကြားရက်တွေကျတော့ ကြောင်က ကြွက်ခုပ်တဲ့အလုပ်လုပ်ပြီးမှ ကြွက်ကို စားဖို့ပေါ့။ ဒါကို ကြွက်ခေါင်းဆောင်က သဘောပေါက်သွားတယ်။ သူဟာ မျက်မှောင်ကြုတ်ပြီး စဉ်းစားလိုက်တယ်။ ကိုလူလည် ကြွက်ခေါင်းဆောင်ဟာ အကြံကောင်းတစ်ခု ရသွားတယ်။

## အခန်း ( ၃ )

ညဘက်ရောက်တော့ ကြွက်အားလုံးကို စုံညီအစည်းအဝေး ခေါ်လိုက်တယ်။ အားလုံးသောကြွက်တွေကို "ကြောင်ကို ငါးကြော်တွေ၊ ငါးကင်တွေကျွေးတဲ့နေ့မှာ မနက်ပိုင်း ကြောင်က ဝအောင်စားပြီး ကျန်တဲ့ငါးအားလုံးကို နေ့လယ်ကြောင်အိပ်ချိန်မှာ တိတ်တိတ်ကိုက်ချီပြီးစုထားဖို့"အမိန့်ချမှတ်လိုက်တယ်။

နေ့လယ် ကြောင်အိပ်ချိန်ရောက်တော့ ကြွက်တွေအကုန်လှုပ်ရှားကြတယ်။ ငါးတွေကို တချို့ကထမ်း၊ တချို့ကရွက်ပြီးသယ်လာကြတယ်။ ကြွက်တချို့ကမေးတယ် "ငါတို့ခေါင်းဆောင်က ဘာကြောင့် ကြောင်ရဲ့ငါးတွေအကုန်လုံးကို ခိုးခိုင်းတာလဲ။ ဒီငါးကို ငါတို့လဲစားချင်တယ်"လို့ပြောတာကို ကြွက်ခေါင်းဆောင်ကြီး ကြားသွားတော့ "ကြောင်စာငါးကို ကြွက်များ လုံးဝမစားရ" လို့ ပြောလိုက်တယ်။ ညနေရောက်တော့ ကြောင်စာခွက်ထဲမှာ ငါးတွေတစ်ကောင်မှ မကျန်တော့ဘူး။ ကြောင်လဲ အစာ ထပ်မစားရတော့ဘူး။ နောက်နေ့ရောက်တော့ သူဌေးက ကြောင်ကို ငါးမကျွေးတဲ့ရက်မို့ ကြောင်က ဗိုက်ဆာလိုက်တာ... ကြွက်ခုပ်ဖို့ ပြင်ပြီပေါ့။



ဒီအချိန်မှာပဲ အိမ်ရဲ့ထုပ်တန်းပေါ်ကနေ ကြွက်ခေါင်းဆောင်က ပြုံးရွှင်စွာနဲ့ "ကြောင်အစ်ကိုကြီးခင်ဗျာ ... ဒီနေ့ ကျွန်တော်တို့က ငါးကြော်နဲ့ ငါးကင်တွေ အစ်ကိုကြီးကိုကျွေးပါ့မယ်။ ကျွန်တော်တို့ကို အသက်ချမ်းသာပေးပါ" လို့ **အပေးအယူ** လုပ်လိုက်တယ်။

ကြောင်ကဆာလဲဆာ ကြွက်ခုပ်ရမှာလဲပျင်း အားမထုတ်ချင်တာနဲ့ သဘောတူလိုက်ပြီး ငါးကြော်တွေ ငါးကင်တွေစားပြီး ကြွက်မခုပ်ဘဲ သူ့အလုပ်ကိုပျက်ကွက်နေတော့တယ်။ ဒီလိုနဲ့နေလာလိုက်တာ . . . ကြွက်တွေကလဲ လျော့ပါးမသွားဘဲ ပိုတိုးလာပြီး သူဌေးအိမ်မှာရှိတဲ့ ပစ္စည်းတွေကို ပြောင်းဆန်အောင် ကိုက်ကြ၊ ချီကြ၊ စားသောက်နေကြတော့တာပေါ့။



တစ်နေ့မှာတော့ ကြောင်က ကြွက်တွေ လာဘ်ထိုးတာကို ယူငင်စားသောက်ပြီး သူ့အလုပ်တာဝန်ကို ပျက်ကွက်နေတာကိုသိသွားတော့ သူဌေးက အရမ်းကို ဒေါသထွက်ပြီး သစ်သားတုတ် အကြီးကြီးတစ်ချောင်းကိုယူပြီး ကြောင်ကို လိုက်ရိုက်တော့တာပေါ့။ ကြောင်ခမျာ လန့်ဖျပ်ပြီး တညောင်ညောင်အော်နေတော့တယ်။ သူဌေးလဲ ကြောင်ကိုအိမ်ကနေ နှင်ထုတ်လိုက်တယ်။

## မက်မွန်သီးချိုချို



ဟိုးတစ်ခါတုန်းက ဝေးလံလှတဲ့တောနက်ကြီးမှာ တောတွင်းတိရစ္ဆာန်လေးတွေ အမျိုးပေါင်းများစွာနေထိုင်ကြတယ်။ ဒီတိရစ္ဆာန်လေးများရဲ့ခေါင်းဆောင် ဦးဆင်ကြီးဟာ ဖြောင့်မတ်တဲ့ခေါင်းဆောင်ဖြစ်တယ်။ အားလုံးရဲ့ဘဝပိုပြီး စနစ်တကျရှိဖို့ ဦးဆင်ကြီးဟာ ဘယ်တိရစ္ဆာန်မဆို ကိုယ့်လမ်းကိုယ်သွားပြီး စည်းကမ်းလိုက်နာရန် တောနက်စည်းကမ်းတစ်ရပ်ကို ချမှတ်ခဲ့တယ်။

ဥပမာပေါ့ကွယ်- မနက်ရုံးတက်၊ ကျောင်းတက်ချိန်မှာ အားလုံး မတိုးဝှေ့ရဘူး၊ အိုတဲ့သူနဲ့ ကလေးငယ်ကို ဦးစားပေးရမယ်၊ အစာစားချိန်မှာ အချင်းချင်း လုခြင်း၊ ရန်လုပ်ခြင်း မရှိရ၊ ရေသောက်ချိန်မှာ အကောင်ကြီးသတ္တဝါတွေက အကောင်ငယ် သတ္တဝါတွေကို ဦးစားပေးရမယ် စသည်ဖြင့် သတ်မှတ်ထားပြီး အားလုံးဟာ ဒီလမ်းညွှန်ချက်ကို လိုက်နာပြီး အေးချမ်းစွာနေထိုင်ကြတယ်။

တစ်နေ့မှာ ဦးဆင်ကြီးရဲ့သား ဆင်ညိုလေးဟာ ပြင်းထန်တဲ့ ကူးစက်ရောဂါတစ်မျိုး ခံစားရတယ်။ သနားစရာကောင်းတဲ့ ဆင်ညိုလေးရဲ့ မျက်နှာဟာ ပူကျက်လို့ ရဲတက်လာပြီး မျက်လုံးနှစ်ဖက်ဟာလဲ အလင်းရောင်တွေ ကွယ်ပျောက်သွားတယ်။ အိပ်ရာပေါ်လှဲပြီး ငိုနေတော့တယ်။ ဒီတော့ ဦးဆင်ကြီး အင်မတန် စိတ်ပူပြီပေါ့။ ပန်ဒါဆရာဝန်ကို ချက်ချင်းပင့်လာပြီး ဆင်ညိုလေးကို ဆေးကုပေးတယ်။ ကူးစက်ရောဂါက ဆိုးဝါးပြင်းထန်တယ်တဲ့ကွယ်။ ပန်ဒါဆရာဝန်က ဆင်ညိုလေးကို နေ့စဉ် တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုစိုက်ဖို့၊ လက်ဆေးဖို့၊ မှန်ကန်တဲ့ ကိုယ်လက်လှုပ်ရှားမှုလုပ်ဖို့၊ ဟင်းသီးဟင်းရွက် များများစားဖို့၊ ရေများများသောက်ဖို့ ညွှန်ကြားတယ်။ ပန်ဒါဆရာဝန်က ဆင်ညိုလေးအတွက် ဆေးပုလင်းလဲချိတ်ပေးသေးတယ်။ ဆင်ညိုလေးဟာ ဆေးထိုးအပ်ကိုကြောက်လို့ မျက်စိတွေကို စုံမှိတ်ထားတယ်။



ပန်ဒါဆရာဝန်က ဆင်ညိုလေး အဲဒီလောက်ကြောက်တာကို တွေ့တော့ "မကြောက်ပါနဲ့၊ ဖြည်းဖြည်းလေးပဲ ထိုးပေးမယ်နော်၊ နောက်ဆို မိဘစကားကို နားထောင်ရမယ်၊ အသီးလဲ များများစား" ဆိုပြီး ရယ်ပြီးပြောတယ်။ ဆင်ညိုလေးက ချက်ချင်း ခေါင်းလေးညိတ်လို့ "ကျွန်တော် မှတ်ထားပါ့မယ်၊ ဖေဖေ့ကိုမက်မွန်သီးခူးကျွေးခိုင်းမယ်" လို့ပြောရှာတယ်။

ဦးဆင်ကြီးဟာ ကိုယ့်သားလေး မက်မွန်သီးစားချင်တယ်ဆိုတာလဲ သိရော ချက်ချင်းအပြင်ထွက်ရှာတော့တယ်။ မက်မွန်သီးပင်အောက်ရောက်တော့ မျောက်မိသားစုတစ်စု အပင်ပေါ်မှာ မက်မွန်သီးခူးနေတာကိုတွေ့တော့ အပင်

အောက်မှာ ရစ်သီရစ်သီနဲ့ စိတ်လဲလောနေတယ်။ တစ်ဖက်မှာကလဲ အိမ်မှာ ဆေးပုလင်းချိတ်ထားတဲ့သားလေးက မက်မွန်သီးစားဖို့ မျှော်နေမယ်၊ နောက်တစ်ဖက်က မျောက်မိသားစု မက်မွန်သီးခူးနေတာကို အနှောင့်အယှက် ပေးရာကျမယ်ဆိုပြီး တွေးနေတယ်။ တောနက်စည်းကမ်းမှာ အကောင်ကြီး သတ္တဝါတွေက အကောင်ငယ် သတ္တဝါတွေကို ဦးစားပေးရမယ်ဆိုတဲ့ သတ်မှတ်ချက်က ရှင်းရှင်းလင်းလင်းကို ရေးမှတ်ထားလို့ မိမိကိုယ်တိုင်က ခေါင်းဆောင်ဆိုတော့ ပိုပြီးတော့ စည်းကမ်းဖောက်လို့မဖြစ်ဘူး။ အဲဒီအချိန် မှာပဲ မျောက်မေမေဟာ ဦးဆင်ကြီးကိုတွေ့သွားပြီး "ဦးဆင်ကြီး ဘာကိစ္စများ ရှိလို့လဲ" လို့မေးလိုက်တယ်။ ဦးဆင်ကြီးက "ဆင်ညိုလေး ရောဂါဖြစ်နေလို့ ပန်ဒါဆရာဝန်က အသီးများများစားဖို့ပြောလို့ ကျွန်တော်ခုလို အပင်အောက်မှာ အသီးခူးဖို့ ရောက်လာတာပါ" လို့ အားနာစွာ ပြန်ဖြေလိုက်တယ်။ ဒီတော့ မျောက်မေမေက "ရှင်ဘာလို့ အစောကြီးကတည်းက မပြောတာလဲ၊ ကျွန်မ ဆီမှာ မက်မွန်သီးတစ်ခြင်းရှိတယ်၊ ခုလေးတင် ခူးထားတာ၊ ကြီးလည်းကြီး ချိုလည်းချိုတယ်၊ ယူသွားပြီး ဆင်ညိုလေးကိုကျွေးလိုက်ပါ "ဆိုပြီးပြောတယ်။

ဦးဆင်ကြီးက ခေါင်းခါပြီး "မဖြစ်ဘူး၊ ဒါတွေဟာ သင်ခူးထားတာ၊ သင်တို့ပဲ အရင်စားပါ၊ သင်တို့ခူးပြီးမှ ကျွန်တော်ခူးပါ့မယ်" လို့ ပြောရှာတယ်။ မျောက်မေမေက "ကိစ္စမရှိပါဘူး၊ ကျွန်မတို့က လောစရာမလိုဘူး၊ ရှင်ပဲအရင် ယူသွားပြီး ဖျားနေတဲ့ကလေးကို ကျွေးလိုက်ပါ၊ ကျွန်မတို့ ထပ်ခူးမှာပေါ့" ဆိုပြီး ပြောတော့ ဦးဆင်ကြီးကလဲ "မရဘူး၊ တောနက်စည်းကမ်းကို ချိုးဖောက်လို့ မဖြစ်ဘူး၊ အားလုံးလိုက်နာနေကြတာ၊ ငါဟာခေါင်းဆောင်ဖြစ်တဲ့အတွက် ပိုပြီးတော့တောင် ခြွင်းချက်လုပ်လို့မဖြစ်ဘူး"လို့ ခိုင်မာစွာပြောတယ်။

အနီးအနားမှာရှိနေတဲ့ တိရစ္ဆာန်ငယ်လေးတွေဟာ ဦးဆင်ကြီးစကားကို ကြားရတော့ အားလုံးလက်မထောင်ကြတယ်။ မျောက်မေမေက အပင်ပေါ်က

အမြန်ဆင်းလာပြီး "ကဲ..ရှင်မြန်မြန်ခူးတော့၊ ကျွန်မတို့ခူးလို့ပြီးပြီ"လို့ပြောတယ်။ တရားမျှတပြီး စည်းကမ်းကိုလေးစားလိုက်နာတဲ့ ဦးဆင်ကြီးအတွက် မက်မွန်သီးကို အားလုံးဝိုင်းခူးပေးကြတယ်။ မျောက်ငယ်လေးကလဲ အကြီးဆုံး အနီဆုံးဖြစ်တဲ့မက်မွန်သီးကို ဦးဆင်ကြီးကတစ်ဆင့် ဆင်ညိုလေးအတွက် လက်ဆောင်ပေးလိုက်ပြီး ဆင်ညိုလေး မြန်မြန်ပြန်ကောင်းလာပါစေ လို့ ဆုတောင်းပေးလိုက်တယ်။



ဦးဆင်ကြီးဟာ နှာမောင်းရှည်ကြီးနဲ့ မက်မွန်သီးခြင်းကြီးကို ရစ်ပတ်ပြီး အိမ်ပြန်သွားတယ်။ တခြားတိရစ္ဆာန်ငယ်လေးတွေကတော့ ကိုယ့်အလုပ်ကို ဆက်လုပ်ရင်း တောအုပ်ကြီးဟာ အရင်အတိုင်းပဲ အေးငြိမ်းပျော်ရွှင်လို့။ ဘာဖြစ်လို့လဲဆိုတော့ တစ်ဦးတစ်ယောက် တစ်ကောင်ချင်းဟာ တောနက်စည်းကမ်းကို ယခင်ကထက်ပိုပြီး လိုက်နာကြလို့ပဲ။

## မောင်သံချောင်း ကံကောင်းသလား၊ မကောင်းဘူးလား (ပြဇာတ်တို)

နောက်ခံစကားပြော

ကလေးတို့ရေ . . အောက်မှာဖော်ပြထားတဲ့ ပြဇာတ်တိုလေးတစ်ပုဒ်ကို ခံစားကြည့်ရအောင်။ "မောင်သံချောင်း ကံကောင်းသလား မကောင်းဘူးလား" လို့ အမည်ရတယ်။ ဇာတ်လမ်းထဲက မောင်သံချောင်းဟာ တကယ်ပဲ ကံမကောင်းတာ ဟုတ်ရဲ့လား၊ ကံကောင်းတာများဖြစ်မလားဆိုတာ အားလုံး စဉ်းစားရအောင်။

(၁) ပထမခန်း

အချိန် - နံနက်

နေရာ - လမ်းဆုံ၊ လူကူးမျဉ်းကျားမရောက်မီ

ဇာတ်ကောင် - မောင်သံချောင်း၊ စည်းကမ်းသိသော ကားဆရာ၊

မောင်သံချောင်း - “ဒီနေ့ တနင်္ဂနွေ၊ အပြင်ထွက်လည်ပြီ” (ပျော်ရွှင်စွာနဲ့)

ကွယ်ရာမှအသံ - “မောင်သံချောင်းရေ ပြန်လာရင် အဖေ့အတွက် ဆေးလိပ် တစ်ဘူးလောက်ဝယ်ခဲ့”။

မောင်သံချောင်း - “ဟုတ်ကဲ့ ဖေဖေ”။

(လူကူးမျဉ်းကျားမရောက်မီ)

မောင်သံချောင်း- (ဘေးဘီကြည့်) “လူမရှိဘူး၊ လူကူးမျဉ်းကျားရောက်အောင် တော်တော်သွားရအုံးမယ်၊ လူရှင်းတုန်း ဒီနေရာက ငါမြန်မြန် ဖြတ်လိုက်မယ်”။

(ရှေ့ဖြတ်ပြေး)

ကားဆရာ - (ကားမောင်းလာရာမှ မောင်သံချောင်းကိုတွေ့သော်) “အား... အား အမယ်လေး တိုက်မိတော့မလို့”။

(ကားဘရိတ်အုပ်၊ ကျီ.. ကားပေါ်မှဆင်းပြီး မောင်သံချောင်းကို တွဲထူ)

"မင်းဘယ်လိုဖြစ်တာလဲ။ ဘာလို့လူကူးမျဉ်းကျားက မကူးတာလဲ"။

မောင်သံချောင်း - "ဟာဗျာ . .ကျွန်တော်က အရေးတကြီးသွားစရာရှိနေတာ ဦးကြီးကားက ကျွန်တော့်ကို တိုက်မိတော့မလို့ကို ဦးကြီးအပြစ်ပေါ့" (ခါးလေးလိမ်ပြီး)။

ကားဆရာ - "လူကူးမျဉ်းကျားကပဲ ဖြတ်ကူးရမယ်ဆိုတဲ့ စည်းကမ်းကို လိုက်နာမှပေါ့"။



မောင်သံချောင်း - "ဦးကြီးက ကားကိုကြည့်မောင်းရမှာ မဟုတ်ဘူးလား"။

(တစ်ခန်းရပ်)

နောက်ခံစကားပြော

"ကျောင်းသား ကျောင်းသူတို့ မောင်သံချောင်းရဲ့ အပြုအမူမှားလား၊ မှန်လား။ မီးစိမ်းသွားရင် ကားတွေမောင်းကြပြီဆိုတာ အားလုံးငယ်ငယ်ကတည်းက သိပြီးသား။ ခြေကျင်လျှောက်သူဟာ လမ်းဖြတ်ကူးလိုရင် သတ်မှတ်ထားတဲ့ လူကူးမျဉ်းကျားက ဖြတ်ရမယ်။ လူကူးမျဉ်းကျားမရှိရင် လမ်းဖြတ်မကူးမီ

လက်ဝဲဘက်၊ လက်ယာဘက်နဲ့ လက်ဝဲဘက်ပြန်ကြည့်ပြီး ယာဉ်သွားလာမှု ရှင်းမှ အမြန်ဆုံးတည့်တည့် ဖြတ်ကူးရမယ်။ ဖြတ်ကူးနေစဉ်မှာလဲ ယာဉ် အသွားအလာကို ကြည့်ရမယ်လို့ စည်းကမ်းသတ်မှတ်ချက်ရှိတယ်။ ဒါကြောင့် မောင်သံချောင်းရဲ့ ခုလိုလုပ်ရပ်ဟာ စည်းကမ်းချိုးဖောက်ရာ ရောက်တယ်။ စည်းကမ်းဆိုတာ အများပြည်သူအတွက်ဖြစ်တယ်။ စည်းကမ်းဟာ လမ်းလျှောက် သူတွေ၊ ယာဉ်မောင်းသူတွေရဲ့ အသက်အန္တရာယ်ကို အကာအကွယ်ပေးတယ်။ ယာဉ်မောင်းတဲ့သူတွေသာမက လမ်းလျှောက်တဲ့သူတွေပါ အသီးအသီး ဆိုင်ရာဆိုင်ရာစည်းကမ်းကို လိုက်နာရမယ်။ မောင်သံချောင်း ဒီတစ်ခါ ယာဉ်တိုက်မှုမှာ ဒဏ်ရာပြင်းပြီး အသက်ပါဆုံးရှုံးသွားရင် ဘယ်လောက်တောင် ဝမ်းနည်းစရာကောင်းတဲ့ကိစ္စ ဖြစ်လိမ့်မလဲ”။

မောင်သံချောင်း - ခေါင်းတညိတ်ညိတ်လုပ်နေ။

(၂) ဒုတိယခန်း

အချိန် - နေ့လယ်

နေရာ - ဆေးလိပ် အရောင်းဆိုင်ရှေ့

ဇာတ်ကောင် - မောင်သံချောင်း၊ စည်းကမ်းသိသော ဆေးလိပ်ဆိုင်ရှင်၊

မောင်သံချောင်း - “အိမ်မပြန်ခင်ငါ့အဖေအတွက် ဆေးလိပ်ဝယ်အုံးမှပဲ”။
(ဆေးလိပ်ဆိုင်ရှေ့ရပ်ပြီး) “ကျွန်တော့်ကို ဆေးလိပ်တစ်ဘူး လောက်”။

ဆိုင်ရှင် - “အာ . သားက ဆေးလိပ်ဝယ်မှာလား”။

မောင်သံချောင်း - “ဟုတ်တယ်လေ”။

ဆိုင်ရှင် -“ သားမှာ မှတ်ပုံတင်ပါလား”။

မောင်သံချောင်း - (ခေါင်းခါ)

ဆိုင်ရှင် -“ ဒါဆို ယာဉ်မောင်းလိုင်စင်ရှိလား”။

ရယ်မောသံများ..

မောင်သံချောင်း - "ဟင့်အင်း မရှိဘူး. .ကျွန်တော်ခုမှ ၁၀ နှစ်ကျော်ပဲရှိသေးတာ"။

ဆိုင်ရှင် - "ဒါဆို မရောင်းပါဘူးကွယ်"။

မောင်သံချောင်း - "ရောင်းပါဗျာ"။

ဆိုင်ရှင် - "မရောင်းဘူးကွယ်"။

မောင်သံချောင်း - (ခေါင်းကုတ်ပြီး စိတ်ပျက်လက်ပျက်ပုံဖြင့်) "ငါဒီနေ့ကံ မကောင်းပါလား ဘာမှ အဆင်မပြေဘူး"။




(တစ်ခန်းရပ်)

နောက်ခံစကားပြော

"ကျောင်းသားကျောင်းသူတို့ အသက်(၁၈)နှစ် မပြည့်သေးတဲ့ကလေးကို ဆေးလိပ် မရောင်းရ၊ မပေးရ၊ ဆေးလိပ်ဖြန့်ဖြူးရောင်းချရာမှာ မခိုင်းစေရ၊ ပစ္စည်းတစ်ခုခု နှင့် ဆေးလိပ်ကိုမလဲရလို့ သတ်မှတ်ထားပါတယ်။ ဆေးလိပ်သောက်သုံးခြင်းဟာ

ကျန်းမာရေးကို ထိခိုက်စေပါတယ်။ အသက်မပြည့်သေးသူတွေအတွက် ပိုဆိုးပါတယ်။ ဒီလိုစည်းကမ်းသတ်မှတ်ထားခြင်းဟာ အသက်မပြည့်သေးသူလူငယ်တွေရဲ့ ကိုယ်စိတ်ကျန်းမာဖို့အတွက်ဖြစ်တယ်။ ဆိုင်ရှင်အနေနဲ့ ဒီစည်းကမ်းသတ်မှတ်ချက်ကို လိုက်နာရမှာဖြစ်ပါတယ်"။

မောင်သံချောင်း - "ဒါတွေကို ကျွန်တော်ဘာလို့ မသိတာလဲ။ ဒီနေ့တော့ ကျွန်တော့်အတွက် ကံမကောင်းဘူးလို့ထင်ပေမဲ့လဲ ဒီလိုစည်းကမ်းတွေရှိတယ်ဆိုတာ သိရတဲ့အကျိုးအမြတ်တော့ရသား"။

ဆိုင်ရှင် - "ဟုတ်တယ်။ ဒီလူ့လောကကြီးမှာ စည်းကမ်းသတ်မှတ်ချက်တွေဟာ လူသားလောကကို စောင့်ရှောက်ပေးတယ်။ ဒါကိုငါတို့တစ်တွေ နားလည်ဖို့ လိုအပ်တယ်"။

နောက်ခံစကားပြော

"ကျောင်းသားကျောင်းသူတို့ ဒီပြဇာတ်ကို ကြည့်ပြီး မောင်သံချောင်း တကယ်ပဲ ကံမကောင်းတာလို့ ယူဆကြသလား။ မောင်သံချောင်းရဲ့ တစ်နေ့တာဟာ တကယ်တော့ ကံမကောင်းတဲ့နေ့မဟုတ်ပါဘူး။ စည်းမျဉ်းစည်းကမ်းတွေရဲ့ အကာအကွယ်ရယူခဲ့တဲ့ ကံကောင်းတဲ့နေ့လေးတစ်နေ့ပါ။ တကယ်လို့ ကလေးတို့က မောင်သံချောင်း ကံကောင်းတယ်လို့ယူဆရင် အတန်းထဲမှာ ဒီပြဇာတ်လေးကို သရုပ်ဆောင်ပြပြီး ဒီလိုစည်းကမ်းတွေရှိပါလား၊ စည်းကမ်းတွေဟာ လူသားတွေကိုကာကွယ်စောင့်ရှောက် နေတာပါလား၊ တို့တွေ သိရှိလိုက်နာရမှာပါလားဆိုတာကို ကျောင်းသားကျောင်းသူတွေ အားလုံးသိအောင် ဝေမျှပေးလိုက်ပါ"။

## ဆရာလမ်းညွှန်

### နိဒါန်း

၁။ ဤပညာပေးအစီအစဉ်ကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် လူငယ်များ၏ ဖြောင့်မတ်တည်ကြည်မှုကို မြှင့်တင်ပေးရန် ရည်ရွယ်ချက်ဖြင့် ရိုးသားဖြောင့်မတ်မှု၊ တာဝန်ယူမှု၊ မျှတမှု၊ လေးစားမှု၊ ဂရုစိုက်စောင့်ရှောက်မှု၊ ပူးပေါင်းဆောင်ရွက်မှု၊ စည်းကမ်းလိုက်နာမှု၊ ဒွဲ လုံ့လဝီရိယရှိမှု အစရှိသော ကိုယ်ကျင့်တရားတန်ဖိုးများကို လူငယ်များ စိတ်နှလုံးညွှတ်နူးစွာဖြင့် သဘောကျ လေးစားလိုက်နာ ပြုမူလာကြစေရန် ရည်ရွယ် ပြုစုထားပါသည်။

၂။ ဤအစီအစဉ်အရ ကျောင်းသားလူငယ်များကို ရုပ်ပြဇာတ်လမ်းတိုများ ဖတ်ရှုနိုင်စေရန်၊ သီချင်းနားထောင်၍ သံပြိုင်သီဆိုနိုင်ကြစေရန်၊ ကဗျာများကို နှုတ်တက်ရွရွ ရွတ်ဆိုနိုင်ကြစေရန်၊ ဆရာ ဆရာမများက အသံနှင့် ဟန်ပန်စွက်၍ ပြောပြသော ပုံပြင်လေးများကို ငေးမောနားထောင်နိုင်ကြစေရန်၊ ပြဇာတ်တိုလေး တစ်ပုဒ်ကို နားထောင်ခြင်း (သို့မဟုတ်) ဆရာများ၏ စီစဉ်ညွှန်ပြမှုဖြင့် ပြဇာတ်တိုလေးများကို ကိုယ်တိုင်ပျော်ရွှင်စွာ သရုပ်ဖော်ခြင်းများ ဆောင်ရွက်နိုင်ကြစေရန်အတွက် ဆရာ ဆရာမများက ဦးဆောင်ပဲ့ကိုင်၍ စီမံညွှန်ပြပြီး အကောင်အထည်ဖော် ပညာပေးသွားနိုင်မည်ဖြစ်ပါသည်။

### ရုပ်ပြဇာတ်လမ်းတို ပညာပေးအစီအစဉ်

၃။ (က) ကျောင်းသား ကျောင်းသူများအား ရုပ်ပြဇာတ်လမ်းကို အုပ်စုလိုက် ဖတ်ရှုစေခြင်း၊
(ခ) ဆရာက ဇာတ်လမ်း ဖော်ပြချက်ကို ထပ်ဆင့် ရှင်းပြခြင်း၊
(ဂ) အမေးအဖြေများ ဆောင်ရွက်ခြင်း၊
(ဃ) ပြုမူလိုက်နာအပ်သည့် ကိုယ်ကျင့်တရားတန်ဖိုးနှင့် ရှောင်ကြဉ်အပ်သည်များကို ကျောင်းသားများ ပိုမိုနားလည်စွဲမြဲအောင် ရှင်းပြဆွေးနွေးခြင်း၊ (အမေးအဖြေ နမူနာအချို့ကို တစ်ပုဒ်ချင်း ဖော်ပြပေးထားပါသည်။)

(င) (ဖြစ်နိုင်ပါက) ရုပ်ပြဇာတ်လမ်းပါ ဇာတ်ကွက်များကို ကျောင်းသူကျောင်းသားလေးများဖြင့် လေ့ကျင့်သရုပ်ဖော်ခြင်းများ ဆောင်ရွက်ရန်ဖြစ်ပါသည်။

## ကဗျာလေးတွေ ရွတ်ကြမယ် ပညာပေးအစီအစဉ်

၄။ (က) ကဗျာကို ကျောက်သင်ပုန်းတွင် ဖော်ပြပေးထားခြင်း သို့မဟုတ် မိတ္တူကူး၍ ကျောင်းသားများအား ဖြန့်ဝေပေးခြင်း၊

(ခ) ကျောင်းသားများ ကဗျာကို ပီသမှန်ကန်စွာ ရွတ်ဆိုနိုင်စေရန် ဆရာက ကဗျာကို ဦးစွာ ရွတ်ဆိုပြခြင်း၊

(ဂ) ကျောင်းသားများက ဆရာ့အသံနောက်မှလိုက်ပါရွတ်ဆိုကြခြင်း၊

(ဃ) ကဗျာ၏ ဆိုလိုရင်းကို ဆရာက ရှင်းပြပေးခြင်း၊

(င) အမေးအဖြေများ ဆောင်ရွက်ခြင်း၊

(စ) ပြုမူလိုက်နာအပ်သည့်အချက်များနှင့် ရှောင်ကြဉ်အပ်သည်များကို ရှင်းပြဆွေးနွေးခြင်း၊

(ဆ) သင့်လျော်သည့် အရေအတွက်ပါဝင်သည့် အုပ်စုလိုက်ခွဲ၍ဖြစ်စေ တစ်တန်းလုံးဖြစ်စေ၊ ကဗျာကို ဟန်ပန်စွက်၍ ရွတ်ဆိုနိုင်အောင် ဆရာက ဦးဆောင်၍ ဆောင်ရွက်ပေးရန်ဖြစ်ပါသည်။

၅။ "သီချင်း" အစီအစဉ်ကိုလည်း "ကဗျာ" နည်းတူ ဆောင်ရွက်ပေးရန်ဖြစ်ပါသည်။

## ပုံပြင်လေးတွေ ပြောပြမယ် ပညာပေးအစီအစဉ်

၆။ (က) ဆရာက ပုံပြင်ကို အသံဟန်ပန်စွက်၍ အေးဆေးစွာပြောပြခြင်း၊

(ခ) စာအုပ်ပါ ဆိုင်ရာရုပ်ပုံများကို ကျောင်းသားများအား အလှည့်ကျကြည့်ရှုစေခြင်း၊

(ဂ) အမေးအဖြေများ ဆောင်ရွက်ခြင်း၊

(ဃ) ပြုမူလိုက်နာအပ်သည့် အချက်များနှင့် ရှောင်ကြဉ်အပ်သည်များကို ရှင်းပြဆွေးနွေးခြင်းများ ဆောင်ရွက်ပေးရန်ဖြစ်ပါသည်။

၇။ ဤပညာပေးအစီအစဉ်ကို အကောင်အထည်ဖော်ရန် ၂၀၁၈ ပညာသင်နှစ်တွင် စုစုပေါင်း အချိန် (၄) နာရီ အသုံးပြုရန် သတ်မှတ်လျာထားပြီး ယေဘုယျအားဖြင့် မိနစ် ၄၀ စာ၊ အချိန် (၆) ချိန် အသုံးပြု၍ ပညာပေးရန်ဖြစ်ပါသည်။

# သီချင်းနှင့်ရုပ်ပြဇာတ်လမ်းတို ပညာပေးအစီအစဉ်အတွက် ဆရာလမ်းညွှန်

| | |
|---|---|
| ခေါင်းစဉ် | **မှန်တာကိုပြောပါ(သီချင်း)** |
| ဘာသာ | Edutainment |
| အတန်း | G-2 |
| သင်ယူမှုရလဒ် | ကလေးများ အမှန်ပြောသည့် အလေ့အထ တိုးတက်လာမည်။ |

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

- နိဒါန်းပျိုးရန်
  - "ကလေးတို့ ကိုယ့်သူငယ်ချင်းတွေက ကိုယ့်ကို အမှန်အတိုင်းပြောတာကြိုက်လား၊ လိမ်ပြောတာကြိုက်လား" ဟု မေးခွန်းဖြင့်စတင်ပါ။
  - ကဲ .... မှန်တာကိုပြောပါဆိုတဲ့ သီချင်းလေးတစ်ပုဒ် နားထောင်ကြရအောင်နော်။
- ကလေးများကို သီချင်းခွေ ဖွင့်ပြပါ (သို့မဟုတ်) ဆရာက သီဆိုပြပါ။
- ကလေးများသီချင်းကို လိုက်ပြီးဆိုနိုင်အောင် ဆရာကဦးဆောင်စီစဉ်ပေးပါ။
- အောက်ပါမေးခွန်းများကိုမေးပါ။
  - ကလေးတို့ မှန်တဲ့စကားကို ဘယ်အချိန်မှာ ပြောရမှာလဲ။
  - တစ်ခါတလေ လိမ်တာကောင်းလား။
  - ရိုးသားတာကမှန်သလား၊ မရိုးမသားလိမ်လည်လှည့်စားတာက မှန်သလား။
  - မလိမ်တတ်၊ မညာတတ်တဲ့သူ မှန်မှန်ကန်ကန်ပြောတဲ့သူကို ယုံကြည်သလား၊ မယုံကြည်ဘူးလား။
  - ဒီလိုလူနဲ့ သူငယ်ချင်းဖြစ်ချင်သလား၊ မဖြစ်ချင်ဘူးလား။
- ဒီတော့ ကလေးတို့လဲ မှန်တဲ့စကားပဲ အမြဲပြောရမယ်နော် ဟု ပြောပြီး နိဂုံးချုပ်ပါ။

  မှတ်ချက်။ အင်္ဂလိပ်ဘာသာဖြင့် သီချင်းကိုမူ သီဆိုနိုင်သည့်အတန်းတွင်သာ သုံးရန်ဖြစ်ပါသည်။

| | |
|---|---|
| ခေါင်းစဉ် | **ကိုယ့်ရွေးချယ်မှု(ရုပ်ပြဇာတ်လမ်းတို)** |
| ဘာသာ | Edutainment |
| အတန်း | G-3 |
| သင်ယူမှုရလဒ် | မိမိအပေါ်ကောင်းစေချင်သကဲ့သို့ သူတစ်ပါးအပေါ်လည်း ကောင်းမွန်စွာဆက်ဆံရမည်ဟု နားလည်သဘောပေါက်ပြုမူတတ်လာမည်။ |

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

- နိဒါန်းပျိုးရန်
  - ကလေးတို့ ခလုတ်တိုက်တာ၊ ချော်လဲတာ ဖြစ်ဖူးလား။
  - ကိုယ်ချော်လဲတဲ့အခါ သူများတွေဝိုင်းရယ်ကြရင် ဘယ်လိုခံစားရလဲ။
  - ဒီအချိန်မှာ ကိုယ့်ကိုဘာလုပ်ပေးစေချင်လဲ။
  - သူများချော်လဲတာကို မြင်ရင်ရော၊ ကလေးတို့ ဘယ်လိုလုပ်မှာလဲ။
- ကိုယ့်ရွေးချယ်မှု ရုပ်ပြဇာတ်လမ်းတိုကို ကလေးများ တစ်ဖွဲ့ပြီးတစ်ဖွဲ့ ဖတ်ရှု/ကြည့်ရှုနိုင်အောင် စီစဉ်ပေးပါ။
- လိုအပ်လျှင် ဆရာကလဲ ဇာတ်လမ်းတိုကို ထပ်ဆင့်ပြောပြပေးပါ။
- ကလေးများအားလုံး ဖတ်ရှုပြီးချိန်တွင် ဆရာက အောက်ပါအတိုင်းမေးပါ။
  - ကလေးတို့ ဘာတွေမြင်တွေ့ရလဲ။
  - သူများကကိုယ့်အပေါ်မကောင်းရင် ကိုယ်ကရောတခြားသူအပေါ် မကောင်းတာပြုမူမှာလား။
  - ကိုယ်ပြုမူခံချင်သလို တခြားသူကိုရောပြုမူမှာလား။
  - ရုပ်ပုံထဲမှာ ဘယ်သူက ပြောင်းလဲသွားသလဲ။
  - ဘယ်သူက မပြောင်းလဲဘဲ အရင်အတိုင်းပြုမူနေလဲ။
- ကလေးတို့ သူတစ်ပါးကို ပျော်ရွှင်စေတဲ့အပြုအမူ၊ ဂရုစိုက်တဲ့အပြုအမူမျိုးကိုပဲ ပြုမူရမယ်နော်၊ ကူညီရမယ်၊ ခွင့်လွှတ်တတ်တဲ့စိတ်မွေးမြူရမယ် သူတစ်ပါးကို စိတ်နာကျင်အောင်၊ ဝမ်းနည်းအောင်၊ မျက်ရည်ကျအောင် မပြုမူရဘူးနော်.. ဟု ပြောပြီး နိဂုံးချုပ်ပါ။

အခန်း ( ၄ )

| | |
|---|---|
| ခေါင်းစဉ် | **ဘာလုပ်ရရင်ကောင်းမလဲ(ရုပ်ပြဇာတ်လမ်းတို)** |
| ဘာသာ | Edutainment |
| အတန်း | G-4 |
| သင်ယူမှုရလဒ် | ကလေးများမှန်ကန်ဖြောင့်မတ်စွာ ပြုမူ၊ ပြောဆို၊ နေထိုင်တတ်လာမည်။ |

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

- နိဒါန်းပျိုးရန်
  - ကလေးတို့ရေ ဆရာက အဖြစ်အပျက်တစ်ခုစီကို ပြောပြမယ်နော်.. အဲဒီလိုဖြစ်ပျက်ရင် ကလေးတို့အနေနဲ့ ဘာလုပ်ရရင်ကောင်းမလဲဆိုတာ ကလေးတို့အတွေးကို ပြန်ဖြေရမယ်နော်.. ဟု အစပျိုးပါ။
- ရုပ်ပြဇာတ်လမ်းတိုပါ အဖြစ်အပျက်တစ်ခုစီကို ဆရာနှင့်ကျောင်းသားတစ်ဦးစီ အောက်ပါသာဓကအတိုင်း အမေး၊ အဖြေပြုလုပ်ပါ။

  မေး-သားသားက တစ်ခုခုကို ကျိုးပဲ့ပျက်စီးသွားအောင်မတော်တဆလုပ်မိရင်... သားသားဘာလုပ်မလဲ။

  ဖြေ- ကျောင်းသား၏ ဆန္ဒအလျောက်ဖြေပါစေ။

  မေး- သမီးကရော....ဟု နောက်ကျောင်းသားတစ်ဦးကို ၎င်းမေးခွန်းကိုပင်မေးပါ။

  ဖြေ- ကျောင်းသား၏ ဆန္ဒအလျောက်ဖြေပါစေ။
- မေးခွန်းအားလုံး မေး၊ ဖြေပြီးနောက် စာအုပ်ပါ ရုပ်ပြဇာတ်လမ်းတိုကို အဖွဲ့လိုက် အလှည့်ကျဖတ်ရှုနိုင်ရန် ဆရာကစီစဉ်ပေးပါ။
- ကျောင်းသားအားလုံး ဖတ်ရှုပြီးချိန်တွင် လိုအပ်လျှင် ဆရာက ထပ်ဆင့်ရှင်းပြပေးပါ။
- ကလေးတို့ ခုဆိုရင် အဖြစ်အပျက်တစ်ခုချင်းမှာ လုပ်သင့်တာနဲ့ မလုပ်သင့်တာကို ကလေးတို့ ခွဲခြားနားလည်သိရှိသွားပြီပေါ့။ လုပ်သင့်တာကို လုပ်မှသာ ဖြောင့်မတ်တည်ကြည်တဲ့သူတွေဖြစ်ပြီး အများကချစ်ခင်လေးစားကြမှာပေါ့ကွယ် ဟု ပြောပြီးနိဂုံးချုပ်ပါ။
- ရုပ်ပြစာအုပ်ပါ ကလေးတစ်ဦးချင်းပြောဆိုသော စာသားများကို ကျောင်းသားတစ်ဦးလျှင် တစ်ပိုဒ်စီ ရေးသားကူးယူ ကိုင်ဆောင်စေပြီး ဇာတ်လမ်းတစ်ပုဒ်ချင်းစီကို ပျော်ရွှင်စွာသရုပ်ဆောင်နိုင်ရန် ဆရာက ဦးဆောင်လေ့ကျင့်ပေးပါ။

ခေါင်းစဉ် **လူငယ်များနှင့်ရိုးသားဖြောင့်မတ်ရေး (ရုပ်ပြဇာတ်လမ်းတို)**

ဘာသာ Edutainment

အတန်း G-5

သင်ယူမှုရလဒ် ရိုးသားဖြောင့်မတ်သည့် လူငယ်များဖြစ်လာမည်။

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

- နိဒါန်းပျိုးရန်
  - ကလေးတို့ရေ သူတစ်ပါးက ကိုယ့်ကိုလိမ်လည်လှည့်စားရင် သဘောကျလား၊ သဘောမကျဘူးလား။
  - ကလေးတို့ရောလိမ်လည်ဖူးလား။
  - ကိုယ့်ကိုခွင့်ပြုပေးမထားတဲ့ ပစ္စည်း၊ ဥစ္စာ၊ ငွေကြေးတွေကိုရော လိုချင်လား၊ ရယူဖူးလား။
  - လိမ်လည်လှည့်စားတာကောင်းလား၊ ရိုးသားဖြောင့်မတ်တာကောင်းလား ဆိုတာ ဒီရုပ်ပြဇာတ်လမ်းတိုလေးကို ဖတ်ကြည့်လိုက်ရအောင်နော်။
- ရုပ်ပြဇာတ်လမ်းတိုကို ကျောင်းသားများအုပ်စုလိုက် အလှည့်ကျဖတ်ရှုနိုင်ရန် ဆရာက စီစဉ်ပေးပါ။
- ကျောင်းသားများဖတ်ရှုပြီးချိန် လိုအပ်လျှင် ဆရာက ထပ်မံရှင်းလင်း ပြောပြပေးပါ။
- အောက်ပါမေးခွန်းများကိုမေးပါ။
  - အပြေးပြိုင်တဲ့ဇာတ်လမ်းလေးမှာ ဖြတ်လမ်းကပြေးတဲ့ကလေးဟာ တကယ် အမှန်အကန် နိုင်သလား။
  - အားလုံးက သူ့ကို နိုင်တဲ့လူဆိုပြီး ချီးကျူးသလား။
  - ကလေးတို့ဆိုရင်ရော သူ့လိုလုပ်မလား။
  - ဒါဟာ ဖြောင့်မတ်တဲ့ အပြုအမူလား၊ လိမ်လည်လှည့်စားတဲ့အပြုအမူလား၊
  - စူပါမားကက်မှာ ကစ်ကစ်က သူများပိုက်ဆံကို ကောက်ပြီး တိတ်တိတ် ယူသင့်လား၊ ပြန်ပေးသင့်လား။
  - ကလေးတို့ဆိုရင် ဘယ်လိုလုပ်မှာလဲ။
  - ပြန်ပေးရင် ဖြောင့်မတ်တဲ့ကလေးဆိုပြီး အများကချီးကျူးမှာပေါ့ကွယ်။
- ကလေးတို့လည်း ကိုယ်ကျင့်တရားပျက်စီးတဲ့သူမဖြစ်အောင် မလိမ်နဲ့၊ မညာနဲ့ ကိုယ့်ကိုခွင့်ပြုပေးထားတာမဟုတ်တဲ့ ပစ္စည်း၊ ဥစ္စာ၊ ငွေကြေးတွေကို ရယူဖို့ မလုပ်ကြနဲ့နော်၊ ဒါမှရိုးသားဖြောင့်မတ်တဲ့သူလေးတွေဖြစ်ကြမှာပေါ့ဟုပြောပြီး နိဂုံးချုပ်ပါ။

အခန်း ( ၄ )

# ကဗျာလေးတွေ ရွတ်ကြမယ် ပညာပေးအစီအစဉ်အတွက် ဆရာလမ်းညွှန်

ခေါင်းစဉ် **မောင်တို့မယ်တို့သာယာရေး**

ဘာသာ Edutainment

အတန်း G-1

သင်ယူမှုရလဒ် - မိသားစုအတွင်းမှာဖြစ်စေ သူငယ်ချင်းများနှင့်ဖြစ်စေ ပတ်ဝန်းကျင်မှာဖြစ်စေ ချစ်ခင်ရင်းနှီးစွာ နေထိုင်တတ်လာမည်။

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

- နိဒါန်းပျိုးရန်
  - ကလေးတို့ ကိုယ့်မိသားစုအတွင်းမှာ ဘယ်လိုဆက်ဆံနေထိုင်ကြလဲ၊ ဘယ်လိုနေထိုင်သင့်လဲ၊ မိသားစုတွေနဲ့ပဲဖြစ်ဖြစ် သူငယ်ချင်းတွေနဲ့ပဲဖြစ်ဖြစ် ပတ်ဝန်းကျင်မှာဘယ်လိုနေထိုင်သင့်တယ်ဆိုတာကို လေ့လာကြရအောင်။
- ကဗျာရွတ်ဆိုမှုအစီအစဉ်များ ဆောင်ရွက်ပါ။
- ကဗျာပါ အကြောင်းအရာကို နှစ်ယောက်တစ်တွဲ ဆွေးနွေးပါစေ။
- (G-2,G-3,G-4,G-5 တွင်အသုံးပြုပါက)ကဗျာပါအဓိကအချက်များဖြစ်သော နွေးထွေးခြင်း၊ ချစ်ခင်ကြင်နာခြင်း၊ ဂရုစိုက်ခြင်း၊ နားလည်ပေးခြင်း၊ လေးစားခြင်း၊ ညီညွတ်ခြင်း၊ ကူညီဖေးမတတ်ခြင်း၊ မျှမျှတတနေထိုင်ခြင်း၊ ကိုယ်စိတ်ဝန်ယူ ဆောင်ရွက်တတ်ခြင်း စသောအချက်များကို သင်ပုန်းတွင်မှတ်တမ်းတင်၍ ယင်းအပြုအမူများကို နမူနာများဖြင့် ရှင်းပြပေးသင့်ပါသည်။
- ၎င်းနောက် ကလေးတို့ ဒီလိုပြုမူရင် အားလုံးနဲ့ အပြန်အလှန်ချစ်ခင်ပြီး သာယာပျော်ရွှင်ဖွယ်ကောင်းလို့ ဒီလိုနေရမယ်နော် ဟု ပြောပြီး ဆွေးနွေးမှု နိဂုံးချုပ်ပါ။
- ကဗျာကို ဟန်ပန်ဖြင့် ရွတ်ဆိုမှုအစီအစဉ် ဆက်လက်ဆောင်ရွက်ပါ။

ခေါင်းစဉ် **ဤလေးဖြာ**

ဘာသာ Edutainment

အတန်း G-2

သင်ယူမှုရလဒ် - အရွယ်အလိုက် ယဉ်ကျေးစွာပြုမူပြောဆို ဆက်ဆံတတ်လာမည်။

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

- နိဒါန်းပျိုးရန်
  အောက်ပါမေးခွန်းများကို မေးပြီး သင်ခန်းစာကို စတင်ပါ။
  - ကိုယ့်ထက်ငယ်တဲ့သူတွေကို ဘယ်လိုပြောဆို ဆက်ဆံပါသလဲ။
  - ရွယ်တူသူငယ်ချင်းတွေကို ဘယ်လိုပြောဆို ဆက်ဆံပါသလဲ။
  - ကိုယ့်ထက်ကြီးတဲ့သူတွေကို ဘယ်လိုပြောဆို ဆက်ဆံပါသလဲ။
  - အိမ်မှာမိဘတွေကို ဘယ်လိုပြောဆို ဆက်ဆံပါသလဲ။
  - ကျောင်းမှာဆရာဆရာမတွေကို ဘယ်လိုပြောဆို ဆက်ဆံပါသလဲ။
- ကဗျာရွတ်ဆိုလေ့ကျင့်မှုအစီအစဉ် ဆောင်ရွက်ပါ။
- ကဗျာပါအကြောင်းအရာကို နှစ်ယောက်တစ်တွဲ ဆွေးနွေးပါစေ။
- အောက်ပါမေးခွန်းများကိုမေးပါ။
  - ကိုယ့်ထက်ငယ်တဲ့သူတွေကို ဘယ်လိုပြောဆို ဆက်ဆံသင့်ပါသလဲ။
  - ရွယ်တူသူငယ်ချင်းတွေကို ဘယ်လိုပြောဆို ဆက်ဆံသင့်ပါသလဲ။
  - ကိုယ့်ထက်ကြီးတဲ့သူတွေကို ဘယ်လိုပြောဆို ဆက်ဆံသင့်ပါသလဲ။
  - အိမ်မှာမိဘတွေကို ဘယ်လိုပြောဆိုဆက်ဆံသင့်ပါသလဲ။
  - ကျောင်းမှာဆရာဆရာမတွေကို ဘယ်လိုပြောဆို ဆက်ဆံသင့်ပါသလဲ။
  - ကဗျာသင်ယူပြီးနောက် ကိုယ့်ထက်ငယ်တဲ့သူတွေကို ဘယ်လိုပြောဆို ဆက်ဆံမလဲ။
  - ကဗျာသင်ယူပြီးနောက် ကိုယ့်ထက်ကြီးသူတွေကို ဘယ်လိုပြောဆိုဆက်ဆံမလဲ။
  - ကဗျာသင်ယူပြီးနောက် အိမ်မှာမိဘတွေကို ဘယ်လိုပြောဆို ဆက်ဆံမလဲ။
  - ကဗျာသင်ယူပြီးနောက် ကျောင်းမှာ ဆရာ ဆရာမတွေကို ဘယ်လို ပြောဆို ဆက်ဆံမလဲ။

- အိမ်မှာဖြစ်စေ ကျောင်းမှာဖြစ်စေ ပြောဆိုဆက်ဆံရာတွင် အရွယ်အလိုက် ယဉ်ကျေးသိမ်မွေ့စွာ ပြောဆိုဆက်ဆံရမည်ဖြစ်ကြောင်းပြောပြီး ဆွေးနွေးမှု နိဂုံးချုပ်ပါ။
- ကဗျာကို ဟန်ပန်ဖြင့် ရွတ်ဆိုမှု အစီအစဉ် ဆက်လက်ဆောင်ရွက်ပါ။

---

ခေါင်းစဉ် **ကျင့်ကြံမှုရာ လမ်းပေါ်မှာ**

ဘာသာ Edutainment

အတန်း G-3

သင်ယူမှုရလဒ်- လမ်းသွားနေစဉ် ယဉ်ကျေးစွာ ပြုမူနေထိုင်တတ်လာမည်။

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

- နိဒါန်းပျိုးရန်
  အောက်ပါမေးခွန်းများကိုမေးပြီး သင်ခန်းစာကိုစတင်ပါ။
  - လမ်းပေါ်မှာ ကျယ်လောင်စွာ အော်ဟစ်ပြောဆို သွားလာနေတာကို တွေ့ဖူးပါသလား၊ ဘယ်လိုခံစားရပါသလဲ။
  - လမ်းမပေါ်မှာဝန်လေးသယ်လာသူတွေကိုတွေ့ရင် ဘယ်လိုပြုမူသင့်ပါသလဲ။
- ကဗျာရွတ်ဆိုမှု အစီအစဉ် ဆောင်ရွက်ပါ။
- ကဗျာပါအကြောင်းအရာကို နှစ်ယောက်တစ်တွဲ ဆွေးနွေးပါစေ။
- အောက်ပါမေးခွန်းများကိုမေးပါ။
  - လမ်းသွားစဉ် ထီးကို ဘယ်လိုယူဆောင်သင့်ပါသလဲ။
  - ဘယ်လိုလူမျိုးကိုတွေ့ရင် နေရာဖယ်ပေးရမလဲ။
  - လမ်းမပေါ်မှာ တစ်ယောက်ယောက်ကို မတော်တဆတိုက်မိရင် သင်ဘယ်လို လုပ်မလဲ။
  - လမ်းသွားစဉ်လိုက်နာရမည့် ယဉ်ကျေးသည့် အပြုအမူများကို ပြောပြပါ။
- လမ်းသွားနေစဉ် လူအများကို အနှောင့်အယှက်ဖြစ်စေသည့် အပြုအမူများ ကို မပြုလုပ်သင့်ကြောင်း၊ မိမိအတွက်ရော သူတစ်ပါးအတွက်ပါ အန္တရာယ် ဖြစ်စေသောအရာများ လမ်းပေါ်တွင်တွေ့ရှိပါက ဖယ်ရှားရမည်ဖြစ်ကြောင်း၊ ထိုသို့ပြုမူခြင်းသည် လမ်းသွားစဉ် ယဉ်ကျေးသည့်အပြုအမူများဖြစ်ကြောင်း ပြောပြီး ဆွေးနွေးမှု နိဂုံးချုပ်ပါ။
- ကဗျာကို ဟန်ပန်ဖြင့်ရွတ်ဆိုမှု အစီအစဉ် ဆောင်ရွက်ပါ။

ခေါင်းစဉ် **ရှောင်စေ ဝေးစေ**

ဘာသာ Edutainment

အတန်း G-4

သင်ယူမှုရလဒ်- မကောင်းသောစိတ်ထားများကို ဖယ်ရှား၊ ကောင်းမွန်သော စိတ်ကို မွေးမြူနိုင်ရန် လေ့ကျင့်ပေးခြင်းဖြင့် လူကောင်း လူမွန်လေးများ ဖြစ်လာမည်။

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

- နိဒါန်းပျိုးရန်
  - ကလေးတို့သူငယ်ချင်းတွေနဲ့ ဘယ်လိုဆက်ဆံနေထိုင်ကြသလဲ၊ မိသားစု ထဲမှာပဲဖြစ်ဖြစ် သူငယ်ချင်းတွေနဲ့ပဲဖြစ်ဖြစ် ပတ်ဝန်းကျင်မှာပဲဖြစ်ဖြစ် ဘယ်လို ဆက်ဆံနေထိုင်သင့်တယ်ဆိုတာကို လေ့လာကြရအောင်။
- ကဗျာရွတ်ဆိုမှုအစီအစဉ်များ ဆောင်ရွက်ပါ။
- ကဗျာပါ အကြောင်းအရာကို နှစ်ယောက်တစ်တွဲ ဆွေးနွေးပါစေ။
- ကဗျာပါ ရှောင်ကြဉ်သင့်သည့်အချက်များကို သင်ပုန်းတွင် မှတ်တမ်းတင်ပေးပြီး အဆိုပါအချက်များကိုပြုမူပါက ဖြစ်ပေါ်လာမည့်ဆိုးကျိုးများကို မေးမြန်းပါ။ ကလေးများနှင့် အပြန်အလှန်ဆွေးနွေးခြင်းများ ပြုလုပ်ပါ။
- မပြုမူသင့်သော၊ ရှောင်ကြဉ်သင့်သော ဤအချက်များကို ရှောင်ကြဉ်ကြရန် ပြောပြီး ဆွေးနွေးမှုကို နိဂုံးချုပ်ပါ။
- ကဗျာကို ဟန်ပန်ဖြင့်ရွတ်ဆိုမှုအစီအစဉ် ဆောင်ရွက်ပါ။

| | |
|---|---|
| ခေါင်းစဉ် | **ကိုယ့်အားကိုယ်ကိုး** |
| ဘာသာ | Edutainment |
| အတန်း | G-5 |
| သင်ယူမှုရလဒ် | အခြားသူများကိုအားမကိုးဘဲ ကိုယ့်အားကိုယ်ကိုးတတ်သော စိတ်ဓာတ်ရရှိလာမည်။ |

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

- နိဒါန်းပျိုးရန်
  အောက်ပါမေးခွန်းများကို မေးပြီး သင်ခန်းစာကို စတင်ပါ။
  - ပုံထဲက ကလေးတွေ ဘာလုပ်နေကြသလဲ။ (ရုပ်ပုံများကို ကြည့်၍ လေ့လာမည်)
- ကဗျာရွတ်ဆိုလေ့ကျင့်မှု အစီအစဉ်ဆောင်ရွက်ပါ။
  (ကဗျာတစ်ပိုဒ်ချင်း ရွတ်ပြီးတိုင်း ကလေးများ၏ ထင်မြင်ယူဆချက်ကို မေးခွန်းများနှင့်အတူမေးမည်)
  - ရှေးလူကြီးတွေရဲ့ ဆိုရိုးစကားက ဘာလဲ။
  - အခြားသူတွေကို အားကိုးတဲ့သူက ဘယ်လိုလူမျိုးလဲ။
  - လူတိုင်းမှာ စွမ်းအင်ရှိတယ်လို့ ထင်သလား။
  - ကိုယ့်မှာရော စွမ်းအင်ရှိတယ် ထင်သလား၊ အဲဒီ စွမ်းအင်ကိုရော အသုံးချသင့်သလား။
  - ကဗျာထဲကလို လူတိုင်းနှာခေါင်းနဲ့ဆိုတာက ဘာကိုပြောချင်တာလဲ။
  - နှာခေါင်းရှိလျက် ကိုယ့်အသက် ကိုယ့်တွက် ကိုယ်ရှူသင့်ဆိုတာဘာလဲ။
  - သူများနှာခေါင်း အငှားတောင်းတယ်ဆိုတာ ဘာလဲ။
  - ဒီကဗျာလေးကိုဖတ်ပြီး လူတိုင်းဟာဘယ်လိုနေထိုင်ကြတာ အကောင်းဆုံးလဲ။
- ကလေးများအားလုံးကို  သူတစ်ပါးကို အားကိုးသောစိတ်ထက် မိမိကိုယ်ကို အားကိုးခြင်း၊ ကိုယ်လုပ်ဆောင်နိုင်သည်များကို ကိုယ်တိုင်လုပ်ဆောင်ရန် ပြောပြ၍ ဆွေးနွေးခြင်းကို နိဂုံးချုပ်ပါမည်။
- ကဗျာကို ဟန်ပန်ဖြင့်ရွတ်ဆိုမှုအစီအစဉ် ဆက်လက်ဆောင်ရွက်ပါမည်။

# ပုံပြင်လေးတွေ ပြောပြမယ် ပညာပေးအစီအစဉ်အတွက် ဆရာလမ်းညွှန်

ခေါင်းစဉ် **သစ်သီးကလေးတစ်လုံး၊ ပန်းကလေးတစ်ပွင့်**

ဘာသာ Edutainment

အတန်း G-1

သင်ယူမှုရလဒ် - ရိုးသားဖြောင့်မတ်စွာ နေထိုင်သွားတတ်လာမည်။

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

- နိဒါန်းပျိုးရန်
  ဆရာက အောက်ပါမေးခွန်းများကို မေးပြီး သင်ခန်းစာကိုစတင်ပါ။
  - သားလိမ္မာ၊ သမီးလိမ္မာလေးတွေ ဖြစ်ချင်ပါသလား။
  - သူတစ်ပါးပစ္စည်းကို ပိုင်ရှင်မသိဘဲ ယူသင့်ပါသလား။
- ပုံပြင်ကို ဆရာကပြောပြပြီး ရုပ်ပုံများကို ကျောင်းသားများ နှစ်ယောက်တစ်တွဲ လေ့လာပါစေ။
- အောက်ပါမေးခွန်းများကိုမေးပါ။
  - ဘိုဘို ဘာလို့ သံပရိုသီးတစ်လုံး ခူးလိုက်တာလဲ။
  - မေမေက သံပရိုသီးဘယ်ကရလာသလဲလို့မေးတော့ ဘိုဘို ဘယ်လိုဖြေလိုက်သလဲ။
  - မေမေ ဘာကြောင့် ရှက်သွားတာလဲ။
  - ဘိုးဘိုးက ဘိုဘိုကို ဘယ်လိုဆုံးမလိုက်သလဲ။
  - သူများပစ္စည်းကို ပိုင်ရှင်မသိဘဲယူတာကို ဘယ်လိုသတ်မှတ်ကြသလဲ။
  - ပန်းခြံထဲကပန်းကလေးတစ်ပွင့်ကိုတောင် ပိုင်ရှင်မသိဘဲ ခူးသင့်ပါသလား။ ဘာကြောင့်လဲ။
  - နောက်ဆုံး ဘိုဘို ဘယ်လိုနေထိုင်သွားမယ်လို့ ဆုံးဖြတ်လိုက်ပါသလဲ။
- ကလေးများ၏အဖြေကိုနားထောင်ပြီးနောက် ဆရာက ရိုးသားဖြောင့်မတ်မှုသည် အရေးကြီးကြောင်း၊ မလိမ်မိဖို့၊ မညာမိဖို့၊ သူများခွင့်မပြုဘဲ ဘယ်ပစ္စည်းမျှ မယူမိဖို့၊ လောဘနဲ့ ဘယ်အရာမျှ မယူမိဖို့ စသည်ဖြင့် ပြောကြားပြီး နိဂုံးချုပ်ပါ။

ခေါင်းစဉ် **အတူကစားချင်လို့**

ဘာသာ Edutainment

အတန်း G-2

သင်ယူမှုရလဒ်- တွေ့ကြုံနေရသောအခက်အခဲကို ဖွင့်ဟပြောဆိုတတ်လာမည်။
အတူကစားရန်အခွင့်အရေးအတွက် မုန့်ဖိုးခွဲဝေပေးစေသည့် အပြုအမူမျိုးကို မနှစ်သက် ရှောင်ကြဉ်တတ်လာမည်။

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

- နိဒါန်းပျိုးရန်
  အောက်ပါမေးခွန်းများကို မေးပြီး သင်ခန်းစာကို စတင်ပါ။
  - မိမိမုန့်ဖိုးကို သူတစ်ပါးက နေ့စဉ်ခွဲဝေစားသုံးခြင်းကို နှစ်သက်ပါသလား။
  - အခက်အခဲတစ်ခုနဲ့ တွေ့ကြုံလာရင် ဘယ်သူ့ကိုဖွင့်ဟပြောဆိုဖူးပါသလဲ။
- ပုံပြင်မပြောမီ စာအုပ်ပါ ရုပ်ပုံများကိုကြည့်ပြီး ကလေးများ၏ ထင်မြင်ယူဆချက်ကို မေးပါ။
- ထို့နောက် ဆရာက ပုံပြင်ကို စိတ်ဝင်စားစွာ ပြောပြပါ။
- အောက်ပါမေးခွန်းများကို မေးပါ။
  - အေးအေးဟာ မမသီတာကို ဘာကြောင့်အမြဲမုန့်တွေခွဲဝေပြီး ကျွေးနေရပါသလဲ။
  - မမသီတာရဲ့ အပြုအမူဟာ ကောင်းလား၊ မကောင်းဘူးလား။
  - အေးအေးဟာ မမသီတာရဲ့ အနိုင်ကျင့်ခံရတာကို ဘယ်သူတွေကို ပြောပြပါသလဲ၊ ဘာကြောင့်လဲ။
  - အေးအေး ဘာကြောင့် မပျော်ရွှင်တာလဲ။
  - သင်သာ အေးအေးရဲ့သူငယ်ချင်းဆိုရင် အေးအေးကို ဘယ်လိုအကြံပေးမှာလဲ။
- မိမိမှာ အခက်အခဲတွေ့ကြုံခဲ့ရင်၊ အနိုင်ကျင့်ခံရရင် သူငယ်ချင်း၊ မိဘနှင့် ဆရာ ဆရာမတို့ကို ဖွင့်ဟပြောပြရမည်၊ မမသီတာ၏ အပေးအယူလုပ်သည့် အပြုအမူမျိုးကို ကလေးများ ဘယ်တော့မှမပြုလုပ်သင့်ကြောင်း ပြောကြားပြီး နိဂုံးချုပ်ပါ။

အခန်း (၄)

ခေါင်းစဉ် **အေးအတူ ပူအမျှ**

ဘာသာ Edutainment

အတန်း G-2

သင်ယူမှုရလဒ် - တာဝန်ယူတတ်သောစိတ်ဓာတ်၊မိတ်ဆွေကောင်းစိတ်ဓာတ်၊ အများအကျိုးဆောင်ရွက်တတ်သော စိတ်ဓာတ်များ ရရှိလာမည်။

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

▪ နိဒါန်းပျိုးရန်

ဆရာက အောက်ပါမေးခွန်းများကို မေးပြီးစတင်ပါ။

- ကျောင်းတက်ရတာ ပျော်ရွှင်ပါသလား။
- ကျောင်းမှာ သူငယ်ချင်းတွေ အများကြီးရှိသလား။
- သူငယ်ချင်းတွေနဲ့ ဘယ်လိုနေထိုင်ကြမလဲ။

▪ ထို့နောက် ပုံပြင်ကို ဆရာက စိတ်ဝင်စားဖွယ်ပြောပြပြီး ရုပ်ပုံများကို ကလေးများ ကြည့်ရှုပါစေ။

▪ ကလေးများကို အောက်ပါမေးခွန်းများကို မေးပါ။

- သူငယ်ချင်းလေးဦးရဲ့ လှေကလေး ဘာဖြစ်သွားလဲ။
- လှေကို စုပေါင်းပြီးပြင်ဆင်ဖို့ဆုံးဖြတ်တဲ့အခါ အားလုံးသဘောတူပါသလား။
- ဘဲကလေးက ဘာဖြစ်လို့ လှေကိုမပြင်ချင်ပါသလဲ။
- ခေါင်းဆောင်ဖြစ်တဲ့ ဝက်ဝံကြီးကလဲ ဘာတွေ တာဝန်ယူသလဲ။
- မျောက်ညိုကလေးလဲ ဘာတွေ တာဝန်ယူသလဲ။
- ငန်းဖြူကလေးလဲ ဘာတွေ တာဝန်ယူသလဲ။
- ဘဲကလေးကို မိကျောင်းကြီးလိုက်ဖမ်းလို့ သူငယ်ချင်းတွေ ဘယ်လိုကူညီပေးသလဲ။
- ဘဲကလေးဒုက္ခရောက်နေတုန်းမိတ်ဆွေသူငယ်ချင်းတွေကဘယ်လိုစိတ်ထားပြီး ကူညီကြသလဲ။
- ဘဲကလေး ဘယ်လိုအသိတရား ရသွားသလဲ။
- သူငယ်ချင်းသုံးဦးက ဘဲကလေးအပေါ် ဘယ်လိုသဘောထားလိုက်သလဲ။
- သူငယ်ချင်းလေးဦး ဘယ်လိုစိတ်ထားပြီးနေထိုင်သွားမယ်လို့ဆုံးဖြတ်လိုက်ကြသလဲ။

▪ ကလေးများ၏အဖြေကို နားထောင်ပြီးနောက် ဆရာက နောက်ဆုံးတွင် တာဝန်ယူတတ်သောစိတ်ဓာတ်၊ မိတ်ဆွေကောင်းစိတ်ဓာတ်၊ အများအကျိုးဆောင်ရွက်တတ်သော စိတ်ဓာတ်များသည် အားလုံးအတွက် အရေးကြီးကြောင်း ပြောကြားပြီး နိဂုံးချုပ်ပါ။

---

ခေါင်းစဉ် **တာဝန်ယူတတ်သူ**

ဘာသာ Edutainment

အတန်း G-3

သင်ယူမှုရလဒ်- အရွယ်အလိုက် မိမိထမ်းဆောင်ရမည့်တာဝန်ကို သိရှိလုပ်ဆောင်တတ်လာမည်။

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

▪ နိဒါန်းပျိုးရန်
အောက်ပါမေးခွန်းများကို မေးပြီး သင်ခန်းစာကို စတင်ပါ။
- အိမ်မှာ မိဘတွေကို ဘယ်လိုမျိုး ကူညီလုပ်ကိုင်ဖူးပါသလဲ။
- ကျောင်းမှာ ဘာတွေလုပ်ဖူးပါသလဲ။

▪ ပုံပြင်မပြောမီ စာအုပ်ပါရုပ်ပုံများကိုကြည့်ပြီး ကလေးများ၏ထင်မြင်ယူဆချက်ကို မေးပါ။

▪ ပုံပြင်ကိုဆရာကပြောပြပါ၊ ပုံပြောပြပြီးလျှင် အောက်ပါမေးခွန်းများကိုမေးပါ။
- အိမ်မှာ အေးအေး ဘာတွေလုပ်ရပါသလဲ။
- ကျောင်းမှာ အေးအေး ဘာတွေလုပ်ရပါသလဲ။
- ဖေဖေ မေမေတို့က အေးအေးကို ဘာကြောင့် ဂုဏ်ယူကြသလဲ။

▪ အိမ်မှာဖြစ်စေ၊ ကျောင်းမှာဖြစ်စေ အရွယ်အလိုက် မိမိထမ်းဆောင်ရမည့်တာဝန်ကိုသိရှိလုပ်ဆောင်ရပါမည်၊ သို့မှသာ မိမိ၏မိသားစု၊ မိမိ၏ကျောင်းအပေါ်တွင် တာဝန်ကျေပွန်သောသူဖြစ်မည်ဟု ပြောကြားပြီး နိဂုံးချုပ်ပါ။

| | |
|---|---|
| ခေါင်းစဉ် | **ရှဉ့်ကလေးပြောင်းလဲသွားပြီ** |
| ဘာသာ | Edutainment |
| အတန်း | G-3 |
| သင်ယူမှုရလဒ် | ကြိုးစားမှု၊ ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် ချွေတာစုဆောင်းတတ်သည့် အလေ့အကျင့်များရရှိလာမည်။ |

သုံးသပ်ချက်

ရှေးခေတ်ကတည်းက "သမိုင်းတစ်လျှောက်မှာသာယာဝပြောတဲ့တိုင်းပြည်တွေကိုကြည့်ရင် အောင်မြင်မှုအခြေခံက **ကြိုးစားတာ၊ ချွေတာတာ**ဖြစ်ပြီး၊ တိုင်းပြည်ဆုတ်ယုတ်တာဟာ ဖြုန်းတီးမှုက အခြေခံဖြစ်တယ်" ဆိုတဲ့ ဆိုရိုးစကားရှိခဲ့တယ်။ ယခုခေတ် တချို့သောသူတွေက ငါတို့ဘဝကြီးကောင်းလာပြီ၊ ခြိုးခြံနေစရာ မလိုဘူးလို့ထင်ကြတယ်။ ဒီလိုမျိုးအတွေးဟာ မှားနေတာပါ။ ကြွယ်ဝမှုဆိုတာ ရိုးသားကြိုးစားပြီးရလာတာပါ။ ချွေတာတယ်ဆိုတာ ပစ္စည်းဥစ္စာမပေါများဘူးလို့ ဆိုလိုတာ မဟုတ်ဘူး၊ မဖြုန်းတီးတာပါ။ ကြိုးစားတယ်၊ ချွေတာတယ်ဆိုတာ ကောင်းတဲ့စရိုက်တစ်ခု၊ စိတ်အင်အားတစ်ခု၊ မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် လက်ဆင့်ကမ်းပေးသင့်တယ်။

သုခဆိုတာ ကောင်းကင်ပေါ်က ကျလာတာမဟုတ်ဘူး။ ဘဝကောင်းဆိုတာလဲ ချွေးတွေ သွန်းလောင်းပြီးမှသာ တောက်ပလာတာပါ။ ရှဉ့်ညီအစ်ကိုနှစ်ဦးကို သင်ခန်းစာယူပြီး ကြိုးစားတဲ့၊ ချွေတာတဲ့ လူတော် လူကောင်းလေးတွေဖြစ်အောင် ကြိုးစားကြပါလို့ ဆရာ ဆရာမများက ကလေးများကို သွန်သင်ဆုံးမပေးရမှာဖြစ်ပါတယ်။

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

▪ နိဒါန်းပျိုးရန်

ဆရာက အောက်ပါမေးခွန်းများကို မေးပြီးစတင်ပါ။

- ကလေးတို့ စာမကြိုးစားရင် စာတတ်ပါ့မလား။
- ကလေးတို့ နေ့စဉ်စားမဲ့ ထမင်းဖိုးကို ဘယ်လိုရှာမလဲ။
- စာတတ်မှ အလုပ်လုပ်နိုင်ပြီး အလုပ်လုပ်မှ စားဖို့၊ ဝတ်ဖို့၊ နေဖို့ အဆင်ပြေတာပေါ့ကွယ်။

- ကဲ... အလုပ်ကြိုးစားတဲ့၊ ချွေတာတဲ့ ရှဉ့်ကလေးအကြောင်း ပုံပြင်လေးကို ဆရာ ပြောပြမယ်နော်ဟု ပုံပြင်ကို အေးဆေးစွာ စိတ်ဝင်စားဖွယ် ပြောပြပါ။
- ရုပ်ပုံများကို ကလေးများ ကြည့်ရှုပါစေ။
- ကလေးများကို အောက်ပါမေးခွန်းများကိုမေးပါ။
  - ရှဉ့်အစ်ကိုကြီး "နားရှည်"က ဆောင်းမရောက်မီအသိုက်ကိုပြင်ဆင်ပြီး ထင်းရှူးသီးတွေ သိုလှောင်နေချိန်မှာ ရှဉ့်ညီလေး " မြီးတုတ် " ဘာတွေလုပ်နေလဲ။
  - ကလေးတို့ရော ရှဉ့်အစ်ကိုကြီးလိုလုပ်မလား၊ ရှဉ့်ညီလေးလိုလုပ်မလား။
  - ဆောင်းတွင်းရောက်တော့ ရှဉ့်ညီလေး " မြီးတုတ် "မှာ နေစရာ၊ စားစရာရှိလား။
  - ရှဉ့်အစ်ကိုကြီး "နားရှည်"သာမရှိရင် ရှဉ့်ညီလေး "မြီးတုတ်" ဘယ်လိုဖြစ်သွားမယ် ထင်လဲ။
  - ရိက္ခာတွေဘာကြောင့် ကုန်တာမြန်ရလဲ။
  - ရှဉ့်အစ်ကိုကြီး "နားရှည်"က ရှဉ့်ညီလေး"မြီးတုတ်"ကို ကိုယ့်ဘာသာရပ်တည်ရတဲ့အချိန်မှာ ပထမဆုံးလုပ်ရမဲ့အချက်က ဘာဖြစ်တယ်လို့ပြောသလဲ။
  - နောက်ပြီးတော့ ဘာလုပ်ရမယ်လို့ ဆက်ပြောလဲ။
- ကဲ....ရှဉ့်ညီအစ်ကိုနှစ်ဦးကို သင်ခန်းစာယူပြီး ကလေးတို့လဲ စားဝတ်နေရေး မတောင့်မတ မကြောင့်မကြရအောင် အလုပ်ကြိုးစားပြီး ခြိုးခြံချွေတာရမယ်နော်၊ ဘဝကောင်းဆိုတာ(ချွေးထွက်အောင်)အလုပ်ကြိုးစားလုပ်မှ ကောင်းမှာပါလို့ပြောပြီး ဆွေးနွေးမှုကို နိဂုံးချုပ်ပါ။

ခေါင်းစဉ် **အမှန်တရားကို ပြောပါမယ်**

ဘာသာ Edutainment

အတန်း G-4

သင်ယူမှုရလဒ်- အမှန်တရားကိုဖော်ထုတ်ပြောဆိုရဲသော စိတ်ဓာတ်၊ ဖြောင့်မတ်မှန်ကန်သော စိတ်ဓာတ်များရရှိလာမည်။

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

- နိဒါန်းပျိုးရန်

 အောက်ပါမေးခွန်းများကိုမေးပြီး သင်ခန်းစာကို စတင်ပါ။
 - ကလေးတို့ သူငယ်ချင်းအချင်းချင်း ဘယ်လိုနေထိုင်ကြမလဲ။
 - သူများပစ္စည်းကို ပိုင်ရှင်မသိဘဲ အခြားသူတစ်ယောက်က ဖျက်ဆီးနေတာ တွေ့ရင် ဘာလုပ်မလဲ။
- ပုံပြင်ကို ဆရာကပြောပြပြီး ရုပ်ပုံများကို ကလေးများ ကြည့်ရှုပါစေ။
- ပုံပြင်ပါအကြောင်းအရာကို လေးယောက်တစ်တွဲ ဆွေးနွေးပါစေ။
- ကလေးများဆွေးနွေးနိုင်အောင် အောက်ပါမေးခွန်းများကို မေးပါ။
 - သော်သော့်ခဲတံတွေကို ခင်မ ချိုးနေတာ မောင်မောင်မြင်သွားလား။
 - ခင်မက မောင်မောင့်ကို ဘာဖြစ်လို့ သူ့မုန့်ဖိုးတွေ ပေးလိုက်တာလဲ။
 - ဆရာက သော်သော်ရဲ့ခဲတံ၊ ပေတံတွေ ချိုးနေတဲ့သူကို ရှာတွေ့လား။
 - အဲဒီအချိန်မှာ မောင်မောင် ဘယ်လိုစဉ်းစားနေလဲ။
 - ဆရာက ခဲတံ၊ ပေတံတွေ ချိုးနေတဲ့သူကို ရှာမတွေ့တော့ ဘယ်လိုပြောလိုက်လဲ။
 - ရိုးရိုးသားသား ကိုယ့်အပြစ်ကို ဝန်ခံခြင်းဟာ ဘယ်လိုအပြုအမူမျိုးလဲ။
- ပုံပြင်ကို ဆက်လက်ပြောပြပြီးနောက် အောက်ပါမေးခွန်းများကို ဆက်လက်မေးပါ။

- ခင်မက သူ့အပြစ်ကို ဖုံးကွယ်ချင်လို့ မောင်မောင့်ကို မုန့်ဖိုးပေးတာကို ဘယ်လိုမျိုးလုပ်တယ်လို့ ခေါ်သလဲ။
- ဖေဖေက မောင်မောင့်ကို ဘယ်လို ဆုံးမလိုက်သလဲ။
- တစ်ယောက်က ကိုယ့်အပြစ်ကို ဝန်မခံရင် အားလုံးဘယ်လိုခံစားရလဲ။
- မောင်မောင် ဘယ်လို ဆုံးဖြတ်လိုက်မယ်လို့ ထင်ပါသလဲ။
- ကလေးတို့သာ မောင်မောင့်နေရာမှာဆိုရင် ဘယ်လိုဆုံးဖြတ်မလဲ။

- ကလေးများ၏ အဖြေကိုနားထောင်ပြီးနောက် ဆရာက အမှန်တရားကို ဖော်ထုတ်ရဲသောစိတ်ဓာတ်၊ မကောင်းသောအကျင့် အပြုအမူများကို ဖယ်ရှားတတ်သော စိတ်ဓာတ်၊ ဖြောင့်မတ်မှန်ကန်သော စိတ်ဓာတ်ကို မွေးမြူရမည်ဟု ပြောကြားပြီး နိဂုံးချုပ်ပါ။

---

| | |
|---|---|
| ခေါင်းစဉ် | **လာဘ်စားတဲ့ကြောင်** |
| ဘာသာ | Edutainment |
| အတန်း | G-4 |
| သင်ယူမှုရလဒ် | မိမိ၏တာဝန်ကို စည်းကမ်းလိုက်နာ ကျေပွန်စွာ ဆောင်ရွက်တတ်လာမည်။ |

သုံးသပ်ချက်

ကြောင်က ငါးစားရတာကိုကြိုက်တယ်၊ ဒါပေမဲ့ ဘယ်ငါးမဆို စားလို့ရသလား၊ ဖြားယောင်းပြီး မျှားမဲ့ငါးကိုတော့ လုံးဝထိလို့တောင် မဖြစ်ပါဘူး။ ဒါမှမဟုတ်ရင် ဒီလိုလာဘ်စားတဲ့ကြောင်လေးဟာ နောက်ဆုံးတော့ သူဌေးရဲ့အိမ်က မောင်းထုတ်ခြင်းကို ခံရပါတယ်၊ ပြန်စရာအိမ်မရှိတဲ့ လမ်းဘေးက ကြောင်လေ ကြောင်လွင့်လေးတစ်ကောင်ဖြစ်သွားရတယ်။ လူ့ဘဝမှာလဲ လူတချို့ဟာ သူတို့ရဲ့ ရည်ရွယ်ချက်ပြည့်ဖို့၊ တံစိုးလက်ဆောင်တွေပေးပြီး မမှန်ကန်တဲ့လမ်းကြောင်းကို ရွေးချယ်ကြတယ်၊ လူတချို့ဟာ ဒီလိုဖြားယောင်းသွေးဆောင်မှုမှာ ကိုယ့်ကိုယ်ကိုယ် မထိန်းနိုင်ဘဲ ရေတိုသာမြင်ပြီး မိမိတာဝန်တွေ၊ စည်းကမ်းချက်တွေကို လိုက်နာဖို့ ပျက်ကွက်သွားတတ်တယ်၊ တလွဲလုပ်သွားတတ်တယ်။ နောက်ဆုံးတော့ ကိုယ့်အနာဂတ်ကို မြှုပ်နှံလိုက်ရတယ်။ ဒီကြောင်ကို နမူနာထားပြီး အလုပ်လုပ်တဲ့ အခါမှာ ကိုယ့်တာဝန်ကို ပျက်ကွက်လို့မဖြစ်ဘူး။ လောဘမကြီးတဲ့ အမူအကျင့်နဲ့ ရိုးသားဖြူစင်မှု၊ စည်းကမ်းလိုက်နာမှု၊ မိမိကိုယ်ကို စောင့်ထိန်းနိုင်တဲ့ စာရိတ္တမျိုးကို ငယ်စဉ်ကတည်းက မွေးမြူပျိုးထောင်ပေးရမှာ ဖြစ်ပါတယ်။

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

- နိဒါန်းပျိုးရန်
  - ကလေးတို့ရေ လူတိုင်းမှာတာဝန်ကိုယ်စီရှိကြတယ်၊ ဒီတာဝန်ကို စည်းကမ်းနှင့်အညီ ကျေကျေပွန်ပွန်မဆောင်ရွက်ရင် ဘယ်လိုဖြစ်တတ်တယ်ဆိုတာ ဆရာက ပုံပြင်လေးတစ်ခု ပြောပြမယ်နော်။

## အခန်း ( ၄ )

- ပုံပြင်ကို အေးအေးဆေးဆေး စိတ်ဝင်စားဖွယ်ပြောပြပါ။
- ရုပ်ပုံများကို ကလေးများ ကြည့်ရှုပါစေ။
- ကလေးများကို အောက်ပါမေးခွန်းများကိုမေးပါ။
  - ကြောင်လေးရဲ့ အလုပ်က ဘာလုပ်ဖို့လဲ။
  - သူဌေးကြီးကကြောင်လေးကို ငါးကြော်တွေ၊ ငါးကင်တွေ ဘာကြောင့်ကျွေးတာလဲ။
  - သူဌေးကြီးချမှတ်ထားတဲ့ ကြွက်ခုပ်တဲ့တာဝန်ကို မပျက်မကွက်ထမ်းဆောင်ရမယ်ဆိုတဲ့စည်းကမ်းကို ကြောင်ကလေး လိုက်နာလား၊ ဖောက်ဖျက်လား။
  - ကြောင်ကလေးစည်းကမ်းဖောက်ဖျက်တော့ သူဌေးကြီးကဘာလုပ်လိုက်လဲ။
  - သူဌေးကြီးကကြောင်ကို အိမ်ကနှင်ထုတ်လိုက်တော့ ကြောင်လေး ဘယ်လိုဖြစ်သွားသလဲ။
  - ကြောင်လေးဟာ သူဌေးကြီးကျွေးတဲ့ ငါးကြော်တွေ၊ ငါးကင်တွေကိုပဲစားပြီး ကြွက်ခုပ်တဲ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်နေမယ်ဆိုရင် ခုလိုအရိုက်ခံရပါ့မလား။
- ဒါကြောင့်ကလေးတို့လဲ တာဝန်ကို သတ်မှတ်ထားတဲ့စည်းကမ်းနဲ့အညီ ကျေကျေပွန်ပွန် ဆောင်ရွက်ကြရမယ်နော်။ ဒါဆို ဘယ်တော့မှဒုက္ခမရောက်တော့ဘူး ဟု ပြော၍နိဂုံးချုပ်ပါ။

ခေါင်းစဉ် **မက်မွန်သီးချိုချို**

ဘာသာ Edutainment

အတန်း G-5

သင်ယူမှုရလဒ် စည်းကမ်းကို ခေါင်းဆောင်၊ ငယ်သားမခွဲခြားဘဲ အားလုံး တစ်ပြေးညီလိုက်နာရန် လိုအပ်ခြင်း၊ တရားမျှတမှုရှိမှသာလျှင် အများ၏လေးစားမှုနှင့်ယုံကြည်မှုကို ရရှိနိုင်မည်ဖြစ်ခြင်းကို နားလည်သဘောပေါက်လာမည်ဖြစ်ပါသည်။

သုံးသပ်ချက်

ဦးဆင်ကြီးက ခေါင်းဆောင်ဖြစ်သော်လဲ အထူးအခွင့်အရေးယူမည့် အတွေးအခေါ်ကိုဖယ်ရှားပြီး အားလုံးတစ်ပြေးညီဖြစ်တဲ့ စည်းကမ်းကို ချမှတ်ခဲ့တယ်။ ကိုယ့်သားရောဂါဖြစ်နေချိန်မှာ မက်မွန်သီးစားဖို့ အာသီသရှိတဲ့သားအတွက် သနားပြီး စိတ်ပူနေတာတောင်မှ မိမိကိုယ်ကိုထိန်းချုပ်ကာ သူများကို ဦးစားပေးပြီး စည်းကမ်းမချိုးဖောက်ခဲ့ဘူး။ တောအုပ်ထဲမှာရှိတဲ့ တိရစ္ဆာန်အားလုံးဟာ မက်မွန်သီးစားလိုက်ရသလို ချိုမြိန်ပျော်ရွှင်မှုကိုခံစားရတယ်။ လူလူချင်း ပေါင်းသင်း ဆက်ဆံကြရာမှာ တခြားသူတွေရဲ့လေးစားခြင်းနဲ့ ယုံကြည်မှုကို ရယူချင်တယ် ဆိုရင် ဦးဆင်ကြီးလိုပဲ တရားမျှတရမယ်။ ကိုယ်တိုင်စည်းကမ်းလိုက်နာ ဖြောင့်မတ်ပြီး တစ်ပါးသူအပေါ်မှာ သဘောထားကြီးစွာ ဆက်ဆံရမယ်။ သူများကိုစေခိုင်းရင် မိမိကဦးစွာလုပ်နိုင်ရမယ်။ လေးစားချစ်ခင်မှုတွေက အရာရာကိုဖြစ်စေတယ်။ ဒီအချက်တွေကို နောင်တစ်နေ့ လူကြီးဖြစ်လာမဲ့ လူငယ်ကျောင်းသား ကလေးငယ်တွေကို နုစဉ်အချိန်မှာ စိတ်နှလုံးညွတ်နူးစွာ နားလည်သဘောပေါက် လက်ခံလာစေရန် ပြောပြပေးရမှာ ဖြစ်ပါတယ်။

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

- နိဒါန်းပျိုးရန်
  - ကလေးတို့ ဒီနေ့တော့ ကိုယ်ချမှတ်တဲ့စည်းကမ်းကို ကိုယ်ကိုယ်တိုင် လိုက်နာပြီး တရားမျှတမှုရှိတဲ့အတွက် အများရဲ့လေးစားယုံကြည်မှုကို ရရှိတဲ့ ဆင်ခေါင်းဆောင် ဦးဆင်ကြီးရဲ့အကြောင်း ပုံပြင်လေးတစ်ပုဒ် ဆရာ ပြောပြမယ်နော်။
- ပုံပြင်ကို အေးဆေးစွာ စိတ်ဝင်စားဖွယ်ပြောပြပါ။

- ရုပ်ပုံများကို ကလေးများကြည့်ရှုပါစေ။
- ကလေးများကို အောက်ပါမေးခွန်းများကိုမေးပါ။
  - ကလေးတို့ရေ ခေါင်းဆောင်ဦးဆင်ကြီး သတ်မှတ်ထားတဲ့စည်းကမ်းထဲမှာ အကောင်ကြီးသတ္တဝါတွေက အကောင်ငယ်သတ္တဝါတွေကို နိုင်ထက်စီးနင်း လုပ်ဖို့ သတ်မှတ်ထားလား၊ ဦးစားပေးဖို့ သတ်မှတ်ထားလား။
  - ဦးဆင်ကြီးဟာ နေမကောင်းတဲ့သူ့သား ဆင်ညိုလေးအတွက် မက်မွန်သီး ခူးချင်လို့ အပင်အောက်မှာ ဘယ်လိုဖြစ်နေလဲ။
  - မျောက်မိသားစုကိုအနှောင့်အယှက်ပေးလား။
  - ဘာကြောင့် မနှောင့်ယှက်တာလဲ။
  - ဦးဆင်ကြီးက သူဟာခေါင်းဆောင်ဖြစ်လို့ တောနက်စည်းကမ်းကို ချိုးဖောက် လို့မဖြစ်ကြောင်းပြောစကားကို အနီးအနားကတိရစ္ဆာန်ငယ်လေးတွေကြားတော့ ဘယ်လိုပြုမူလဲ၊ ဘာကြောင့် ဒီလိုပြုမူတာလဲ၊ သဘောကျလို့လား၊ မကျ လို့လား။
- တောအုပ်ကြီးဟာ ဘာကြောင့် အေးငြိမ်းပျော်ရွှင်ရလဲ။
- ကလေးတို့လဲ မိမိကိုယ်ကိုထိန်းချုပ်၊ သူများကိုဦးစားပေးပြီး စည်းကမ်းကို မချိုးမဖောက်ဘဲလိုက်နာရင် အများရဲ့ယုံကြည်လေးစားမှုကို ရမှာဖြစ်တယ် လို့ ပြောကြားပြီး နိဂုံးချုပ်ပါ။

အခန်း (၄)

| | |
|---|---|
| ခေါင်းစဉ် | **မောင်သံချောင်း ကံကောင်းသလား၊ မကောင်းဘူးလား (ပြဇာတ်တို)** |
| ဘာသာ | Edutainment |
| အတန်း | G-5 |
| သင်ယူမှုရလဒ် | စည်းကမ်းလိုက်နာသူများ ဖြစ်လာမည်။ |

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

- နိဒါန်းပျိုးရန်
  - ကလေးတို့ စည်းကမ်းဆိုတာ သိပါသလား၊ ကျောင်းစည်းကမ်းတွေကိုရော သိပါသလား၊ ပြောပြပါအုံး။
  - ကျောင်းတက်ချိန် မှန်မှန်ရောက်ရဲ့လား။
  - ကျောင်းဝတ်စုံကို မှန်မှန်ကန်ကန်ဝတ်ရဲ့လား စသည်ဖြင့် အမေးအဖြေပြုလုပ်ပါ။
- ပြဇာတ်တိုကို ဆရာက စိတ်ဝင်စားဖွယ်ပြောပြပါ။
- ကျောင်းသားများတစ်ဦးလျှင် ဝါကျတစ်ကြောင်းစီ စာအုပ်ကို လက်ဆင့်ကမ်း၍ အသံထွက်ဖတ်ကြပါစေ၊ ရုပ်ပုံများကို ကြည့်ပါစေ။
- အောက်ပါမေးခွန်းများကိုမေးပါ။
  - ကလေးတို့ လူကူးမျဉ်းကျားကို သိပါသလား။
  - လူကူးမျဉ်းကျားရှိလျက်သားနဲ့ ခပ်လှမ်းလှမ်းတစ်နေရာရာက ဖြတ်ကူးဖူးလား။
  - နောင်ကိုရော ဒီလိုလုပ်မှာလား။
  - စည်းကမ်းကို မလိုက်နာရင် ဘေးကင်းလား၊ လိုက်နာရင် ဘေးကင်းလား။
  - ဆေးလိပ်ဆိုင်ရှင်က စည်းကမ်းလိုက်နာသူလား၊ မလိုက်နာသူလား။
  - သူ့ကို စည်းကမ်းလိုက်နာစေချင်လား၊ မလိုက်နာစေချင်ဘူးလား။
- စည်းကမ်းသည် လူသားအားလုံးကို ကာကွယ်စောင့်ရှောက်ရန် သတ်မှတ်ပြဋ္ဌာန်းထားခြင်းဖြစ်ကြောင်း၊ စည်းကမ်းကို သိရန်လိုပြီး လိုက်နာရန်လိုအပ်ကြောင်း ပြောပြ၍ နိဂုံးချုပ်ပါ။
- ပြဇာတ်ကို ကလေးများပျော်ရွှင်စွာသရုပ်ဆောင်ကြည့်နိုင်ရန် ဆရာကစီစဉ်ပေးပါ။

# အခန်း ( ၄ )

| စဉ် | အတန်း | သီချင်းနှင့်ရုပ်ပြဇာတ်လမ်းတို ပညာပေးအစီအစဉ် | ကဗျာလေးတွေရွတ်ကြမယ် ပညာပေးအစီအစဉ် | ပုံပြင်လေးတွေပြောပြမယ် ပညာပေးအစီအစဉ် |
|---|---|---|---|---|
| ၁ | G-1 | - | မောင်တို့မယ်တို့ သာယာရေး | • သစ်သီးကလေးတစ်လုံး ပန်းကလေးတစ်ပွင့် |
| ၂ | G-2 | မုန်တာကိုပြောပါ (သီချင်း) | ဤလေးဖြာ | • အတူကစားချင်လို့<br>• အေးအတူပူအမျှ |
| ၃ | G-3 | ကိုယ့်ရွေးချယ်မှု (ရုပ်ပြ) | ကျင့်ကြမူရာ လမ်းပေါ်မှာ | • တာဝန်ယူတတ်သူ<br>• ရှဉ့်ကလေး ပြောင်းလဲသွားပြီ |
| ၄ | G-4 | ဘာလုပ်ရရင်ကောင်းမလဲ (ရုပ်ပြ) | ရှောင်စေ ဝေးစေ | • အမှန်တရားကို ပြောပါမယ်<br>• လာဘ်စားတဲ့ကြောင် |
| ၅ | G-5 | လူငယ်များနှင့်ရိုးသားဖြောင့်မတ်ရေး (ရုပ်ပြ) | ကိုယ့်အားကိုယ်ကိုး | • မက်မွန်သီး ချိုချို<br>• မောင်သံချောင်း ကံကောင်းသလား၊ မကောင်းဘူးလား |

## လေ့လာ၊ မှီငြမ်းပြု စာရင်း

၁။ ပညာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာနက ထုတ်ဝေသော မြန်မာ့ယဉ်ကျေးမှုနှင့် ထုံးစလေ့များ

၂။ မူလတန်း ပြဋ္ဌာန်းစာအုပ်အဟောင်း

၃။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထျန်းကျင်းပြည်နယ်၊ လူငယ် ရိုးသားစွာ နေထိုင်ရေး ပညာပေးအစီအစဉ်

၄။ My Choice by Erich Bethel

Source: Mochibooks.com

၅။ Integrity

Source: The Wildcat Way School

၆။ Corruption Explained to Kids

Source: ICAC ( Independent Commission Against Corruption)

၇။ Honesty Song

Source: Tiny Grads

ဤပုံနှိပ်စာအုပ်ကို ဆွီဒင်အစိုးရ၏ငွေကြေးပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (United Nations Office on Drugs and Crime, Myanmar) မှ ပုံနှိပ်ထုတ်ဝေသည်။

ဤပုံနှိပ်စာအုပ်ကို ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံးမှ ပြင်ဆင်တည်းဖြတ်ထားခြင်းမရှိပါ။ စာအုပ်တွင်ပါဝင်သော အကြောင်းအရာများမှတစ်ဆင့် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (သို့) အခြားအထောက်အကူပြုအဖွဲ့အစည်းများ၏ မူဝါဒအမြင်အား ဖော်ပြခြင်း၊ အားပေးထောက်ခံမှု တစ်စုံတစ်ရာကို ဖော်ညွှန်းခြင်း မပြုလုပ်ပါ။

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက်

## အခြေခံပညာမူလတန်းအဆင့်လူငယ်များ ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေးပညာပေး

ပညာရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်းစီစဉ်သည်